အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၂၃)

အသင့်အတင့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်း ပြည့်ဖြစ်သည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် (၁၇)ကြိမ်မြောက်ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲအောင်မြင်စွာပြီးစီး

ရန်ကုန် ဩဂုတ် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)ကို ယမန်နေ့ ညနေ ၅ နာရီတွင် ဆက်လက်ကျင်းပရာ ညနေ ၆ နာရီခွဲ၌ အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ဈေးပြိုင်ပေးဝယ်ယူ

ယမန်နေ့ညနေပိုင်းတွင် ကျောက်မျက်အတွဲပေါင်း ၁၅ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက အပြိုင်အဆိုင်ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။

အောင်မြင်စွာပြီးစီး

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)ကို ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်အထိ လေးရက်တိုင်ကျင်းပခဲ့ရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည် ၈၉၉ ဦးတို့က ကျောက်မျက်အတွဲပေါင်း ၂၄၅ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၇၇ တွဲတို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အပြိုင်အဆိုင် ဝယ်ယူကြပြီး အမြင့်ဆုံးဈေးနှုန်းဖြင့် ဝယ်ယူအားပေးကြသည့် ရတနာကုန်သည်များအား ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြကာ ဩဂုတ် ၁၉ ရက်ညပိုင်းတွင် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်

မှတ်သားဖွယ်ရာမိုးရေချိန်

၂၀-၈-၂၀၀၄

ရန်ကုန်မြို့လယ်	၀ ဒသမ ၇၁	လက်မ
ကမ္ဘာအေး	၀ ဒသမ ၇၁	လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၈၃	လက်မ

သဲဖြူရေလှောင်တမံစီမံကိန်း

မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေပြာရိုးရွာ၏ အနောက်မြောက်ဘက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၅)က သဲဖြူချောင်းပေါ်၌ သဲဖြူရေလှောင်တမံစီမံကိန်းကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ စတင်၍ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

တမံအမျိုးအစားမှာ မြေသားတမံဖြစ်၍ ပင်မတမံအလျားမှာ ပေ ၂၆၅၀ ဖြစ်ပြီး တမံအမြင့်မှာ ပေ၆၀ဖြစ်သည်။ ကုန်းကြောတမံနစ်ခုရှိရာ အရှည်ပေမှာ ၃၇၀ ရှိသည်။ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာမှာ ၅၇၇ ဧကဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၇၇၀၀ ဧကဖြစ်၍ ရေသေရေလှောင် ပမာဏမှာ ၆၇၇ ဧက ဖြစ်သည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်ပိုက်အမျိုးအစားဖြစ်ပြီး အရွယ်အစားမှာ အချင်းသုံးပေဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ရေပိုလွှဲအရွယ်အစားမှာ ပေ ၃၀၀ ဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧရိယာ ဧက ၁၂၀၀ ရေပေးဝေနိုင်မည်ဖြစ်သည်။

အရွယ်အစား ပေ ၃၀၀ ရှိ သံကူကွန်ကရစ် ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

အိုင်စီတီနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းရေး မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏အနာဂတ်တင့်တယ်ပြည့်စုံရေး၊ တည်ငြိမ်အေးချမ်းသာယာရေးနှင့် စည်းလုံးခိုင်မာသော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မာစေရေးတို့ကို မျှော်မှန်းပြီး တိုင်းရင်းသားပြည်သူများက အမျိုးသားရေးအားမာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ နယ်ပယ်အသီးသီးတွင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ ထူးထူးခြားခြား ဖြစ်ထွန်းလျက်ရှိပေသည်။

ယင်းကဲ့သို့ အကျိုးရလဒ်ကောင်းများ အောင်မြင်ဖြစ်ထွန်းလာခြင်းသည် နိုင်ငံတော်နှင့်အတူ တစ်မျိုးသားလုံးက အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် လက်တွဲပူးပေါင်း ပါဝင်ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဖြစ်သည်။

အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း အကောင်အထည်ဖော်မှုများ၊ နိုင်ငံအကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်ပေးမှုများ၊ ခေတ်မီအတတ်ပညာများ၊ သင်ကြားမှုများသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရာ၌ ယနေ့နိုင်ငံတကာတွင် တွင်ကျယ်ခေတ်စားနေသည့် အိုင်စီတီနည်းပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးရန် လိုအပ်ပေသည်။ နိုင်ငံတော်အစိုးရကလည်း အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိပေသည်။

ယခုအခါ အိုင်စီတီနည်းပညာရပ်များကို လက်တွေ့အသုံးဝင်သည့် နည်းပညာရပ်များ၊ လူထုဆက်သွယ်ရေးကိရိယာများအဖြစ် ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပြီ ဖြစ်သည်။

ထိုကဲ့သို့သော အခြေအနေမျိုးရောက်ရှိစေရန် နိုင်ငံတော်အစိုးရသည် အခြေခံပညာကျောင်းများကစတင်ပြီး တက္ကသိုလ်၊ ကောလိပ်များအထိ အိုင်စီတီနည်းပညာအခြေခံသည့် Learning Centre များနှင့် Resource Centreများ ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် တက္ကသိုလ်အဆင့်များ၌ e-Library များ၊ Internet နှင့် Internet Network များ၊ Video Conferencing System များ၊ Web-based Teaching System များကို တည်ထောင်ပေးထားပြီး ဖြစ်သည်။ ထို့ကြောင့် ပညာရေးကဏ္ဍတွင် e-Education စနစ်တစ်ရပ် ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ပိုင်း၏ အားပေးပံ့ပိုးမှုနှင့် ပုဂ္ဂလိက ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုအခါ ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ MICT-Parkများ အသီးသီး ဖွင့်လှစ်နိုင်ခဲ့ပြီး အိုင်စီတီနည်းပညာ အခြေခံဝန်ဆောင်မှုနှင့် ခေတ်မီဆက်သွယ်ရေး ကွန်ရက်များကို တစ်နိုင်ငံလုံး လွှမ်းခြုံပေးထားနိုင်ပြီ ဖြစ်သည်။

ဤသည်မှာ နိုင်ငံတော်အစိုးရက မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကိုမျှော်တွေးပြီး မှန်ကန်သည့်စေတနာဖြင့် ကိုယ့်အားကိုယ်ကိုး ဖန်တီးဖော်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

အိုင်စီတီနည်းပညာကို အကျိုးရှိစွာ အသုံးချနိုင်မှုကြောင့် e-Passport, e-Visa နှင့် Smart Card စနစ်များ၊ e-Commerce နှင့် e-Government စနစ်တည်ဆောက်မှုများစသည့် နိုင်ငံတကာအဆင့်မီ အုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်နိုင်လျက်ရှိခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးတွင် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့် အိုင်စီတီနည်းပညာရပ်များ တွင်ကျယ်ခေတ်စားလာရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည့်နည်းတူ မျိုးဆက်သစ် လူငယ်မောင်မယ်များကလည်း အိုင်စီတီနည်းပညာများကို အပတ်တကုတ် လေ့လာဆည်းပူးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဩဂုတ် ၁၂ ရက်က ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် Grade-4(A)မှ မဝင်းသီဂီ၏ မွေးနေ့အလှူအဖြစ် ကျောင်းသား ကျောင်းသူများအား မုန့်ဟင်းခါး အာဟာရကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းနှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေပိုက်သစ်များ လဲလှယ်တပ်ဆင်နေမှု ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ်နှင့် လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ ဦးဆောင်မှုဖြင့် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)ရပ်ကွက် (၂၅)လမ်း ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းအကြားအပိုင်းနှင့် လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် (၉)လမ်း အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းအကြားအပိုင်းတို့၌ မြေအောက်သံကြွပ် ရေပိုက်လိုင်းဟောင်းများကို အချင်း ၆ လက်မရှိ သံကြွပ်ရေပိုက်သစ်များဖြင့် လဲလှယ်တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

အဆိုပါ မြေအောက် သံကြွပ်ရေပိုက်လိုင်းများသည် နှစ်ပေါင်းကြာမြင့်စွာ အသုံးပြုထား၍ သံချေးအနည်များဖြင့် ပိတ်ဆို့နေခြင်းကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ လဲလှယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် (၉)လမ်းရှိ ဓမ္မာရုံ၌ မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က အနော်ရထာလမ်းနှင့် လမ်းမတော်လမ်းဆုံအနီး၊ အနော်ရထာလမ်း၊ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံအနီး ဆူးလေဘုရားလမ်း အကြီးစား ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် အင်းလျားမြိုင်လမ်း အမှတ်(၃၆) နေ ကွယ်လွန်သူ ဦးကျင်ရီအား ရည်စူး၍ ဒေါ်ခင်စိန် မိသားစုက သုံးထပ် ဘိုးဘွားဆေးရုံသစ် တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းရှစ်ထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာ ဦးယဉ်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၈-၂၀၀၄

(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“တဏှာသခ်ယသုတ်”**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၂၅ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Functions of Randow Variables (စီးပွားရေး)
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာရွှေအိုး”**(အပိုင်း-၂၇)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ English Premier League ဘောလုံးပွဲ Manchester United Vs °Norwich City

အစွန်းရောက် အမေရိကန်နိုင်ငံခြားရေးဝါဒရဲ့ ဆိုးကျိုးများ

အောင်မိုးစံ

စီးပွားရေးစနစ်သစ်တစ်ရပ်၊ ခေတ်သစ်တစ်ရပ်ဟာ သူ့အလိုအလျောက် မိုးပေါ်က ကျလာတာမဟုတ်သလို မြေကြီးထဲကလဲ ဘွားခနဲပေါ်ထွက်လာတာ မဟုတ်ပါ။ မြစ်ဖျားခံရာ၊ သန္ဓေတည်ရာ၊ အကြောင်းရင်းခံရာ အတိတ်လူမှုစီးပွားရေး ဘဝသမိုင်းကြောင်းတစ်ခုက ပေါက်ဖွားလာရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအပါအဝင် ဆိုရှယ်လစ်စနစ် ကျင့်သုံးခဲ့တဲ့နိုင်ငံတွေဟာ ဗဟိုက ချုပ်ကိုင်တဲ့ စီးပွားရေးစနစ်၊ ပုဂ္ဂလိကရဲ့ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ပိတ်ပင်ထားခဲ့တဲ့ ခေတ်ဟောင်းလူမှုစီးပွားရေး ဥခွံဟောင်းထဲက ထွက်လာရတာ ဖြစ်ပါတယ်။ အဲဒီလို ခေတ်စနစ်ကူးပြောင်းရာမှာ ခေတ်ဟောင်းရဲ့ ဒုက္ခပင်္ဂုပက္ခရော ခေတ်သစ်ရဲ့ ဒုက္ခပင်္ဂုပက္ခတွေပါ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်တွေမှာ ရောထွေးကြုံတွေ့ရလေ့ရှိတယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုပါတယ်။

ဒီအခက်အခဲတွေကို ဖြတ်သန်းရှေ့ဆောင်လာခဲ့ရတဲ့ တည်ဆဲတပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်စည်းလုံးရေးနဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ကြိုးပမ်းထူထောင်လာခဲ့ပါတယ်။ ဒါတွေဟာ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေး ကြိုးပမ်းမှုများ ဖြစ်ပါတယ်။ ဒါကြောင့် **တပ်မတော်အစိုးရ ပေါ်ပေါက်လာချိန်ကစလို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနဲ့ကုန်သွယ်ရေးကဏ္ဍ အသီးသီးဟာ လွတ်လပ်ပွင့်လင်းလာခဲ့ပါတယ်။ လူနေမှုအဆင့်အတန်းတွေလဲ ပြောင်းလဲ တိုးတက်လာပါတယ်။ အခြေခံအဆောက်အအုံ (Infrastructure) တွေလဲ ဘယ်ခေတ်ဘယ်အခါနဲ့မှ မတူအောင် ပြောင်းလဲတိုးတက်လာတယ်။ ပြည်တွင်းဈေးကွက်လဲ ကျယ်ပြန့်လာပြီး ပြည်ပဈေးကွက်နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်လာတယ်။ အထူးသဖြင့် အာဆီယံ+၃ နိုင်ငံများနဲ့သာမက အိမ်နီးချင်းနိုင်ငံတွေ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်လာတယ်။ ပြည်ပဝယ်လိုအားတွေလဲ ပေါ်ပေါက်လာသလို ပြည်တွင်းထုတ်လုပ်မှုတွေလဲ တိုးမြင့်လာနေပါတယ်။**

ဒါပေမယ့် မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ စီးပွားရေးဖြတ်တောက် ပိတ်ဆို့မှုတွေက အတားအဆီး ဆူးညောင့်ခလုတ်သဖွယ် ကြုံနေရပါတယ်။ ဒါဟာ စီးပွားရေးခြေလှမ်းခိုင်မြဲမှုပေါ်မှာ နိုင်ငံရေးလွတ်လပ်မှု(ဒီမိုကရေစီ) ထူထောင်ကျင့်သုံးရေးမှုကို ကိုင်စွဲအကောင်အထည်ဖော်နေတဲ့ တပ်မတော်အစိုးရအပေါ် ချက်ချင်းအနောက်ဒီမိုကရေစီ ပုံတူကူးရေးမှုကို ကိုင်စွဲထားတဲ့ ပါတီအဖွဲ့အစည်းအချို့ရဲ့ မစေ့စပ်ရေး၊ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလှုပ်ရှားမှုကို အကြောင်းပြုပြီး အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေက ဝင်ရောက်စွက်ဖက် ဖိအားပေးလာတာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအပေါ် အမေရိကန်နဲ့ အပေါင်းပါတို့ရဲ့ စစ်အေးတိုက်ပွဲလို သဘောထားကို ဆက်လက်ကျင့်သုံးမှုလဲ ဖြစ်ပါတယ်။ ခြုံပြီးပြောရမယ်ဆိုရင် အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံရဲ့ တပ်မတော်အစိုးရအပေါ် သူတို့သြဇာခံဖြစ်ရေးအတွက် တစ်ဖက်သတ်ကြိုးပမ်းအကျပ်ကိုင်မှု ဖြစ်ပါတယ်။ အချို့ အနောက်နိုင်ငံတွေက နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီထွန်းကားရေးအတွက် ပြည်ပဖိအား၊ တွန်းအားတွေ၊ စစ်အင်အားသုံး အကြမ်းဖက်ကျူးကျော်မှုတွေနဲ့ မရနိုင်ဘူးဆိုတာကို ဆင်ခြင်သိမြင်လာပြီ ဖြစ်ပါတယ်။

စစ်အေးတိုက်ပွဲလွန်ကာလမှာ အမေရိကန်တို့ဟာ ကမ္ဘာကြီးကို သူတို့ထင်သလို အလွယ်တကူခြယ်လှယ်နိုင်ပြီး ပုံသွင်းနိုင်ပြီလို့ တွက်ဆထားပါတယ်။ ဒါပေမယ့် ဒီတွက်ဆမှုတွေဟာ အစွန်းရောက် စိတ်ကူးယဉ်မှုတွေသာ ဖြစ်ပါတယ်။ ဘယ်လိုမှ အရာမရောက်ဘူးဆိုတာကို တကယ့် လက်တွေ့ဘဝက သက်သေပြနေလို့ ဖြစ်ပါတယ်။ ဥပမာဆိုရရင် ကိုဆိုဗိုကိစ္စရှိတယ်။ ပထမပင်လယ်ကွေ့စစ်ပွဲရှိတယ်။ အာဖဂန်စစ်ပွဲရှိတယ်။ ယခုနောက်ဆုံး ဒုတိယပင်လယ်ကွေ့စစ်ပွဲ(အီရတ်စစ်ပွဲ) ရှိတယ်။ ကုလသမဂ္ဂအလံ လွှင့်နိုင်သည်ဖြစ်စေ၊ မလွှင့်နိုင်သည်ဖြစ်စေ၊ ဘယ်နေရာမှာမှ တည်ငြိမ်ခိုင်မာတဲ့ နိုင်ငံသစ်များ ပေါ်ထွက်မလာနိုင်လို့ဖြစ်ပါတယ်။ ဒီအချက်က အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ စစ်အေးတိုက်ပွဲပြီးခါစက အိပ်မက်များဟာ ထင်သလို မလွယ်ဘူးဆိုတဲ့ လက်တွေ့ဘဝ အဖြေတွေဖြစ်ပါတယ်။

စစ်အေးတိုက်ပွဲ လွန်ခါစမှာ ဘာလင်တံတိုင်းကြီးပြိုကျသွားတဲ့ (၁၁ လ ၉ ရက်) ၁၁/၉ ဂလိုဘယ်လိုက်ဖေးရှင်းကို မြင်တွေ့နေရသလို စစ်အေးတိုက်ပွဲလွန်ပြီးတဲ့အချိန်မှာ အမေရိကန် မျှော်စင်ညီနောင်ပြိုကျသွားတဲ့ (၉လ ၁၁ ရက်) ၉/၁၁ ဂလိုဘယ်လိုက်ဖေးရှင်းကို တွေ့လာရတယ်။ ဘာတွေပဲဖြစ်ဖြစ်၊ ဒီကနေ့ကာလမှာ နိုင်ငံတကာတွင် ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေး (ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး)ကိုသာ ကြိုးပမ်းသွားရမယ်ဖြစ်ပါတယ်။ နိုင်ငံတကာမှာ အကြမ်းဖက်မှုတွေချုပ်ငြိမ်းအောင် ကြိုးပမ်းသွားရမယ် ဖြစ်ပါတယ်။ ဒါပေမယ့် အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံအချို့ဟာ အင်အားသုံး အကြမ်းဖက်စစ်ပွဲတွေ ဆင်နွှဲလာပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ပြည်တွင်းရေးတွေမှာ လက်ရဲဇက်ရဲ ဝင်ရောက်စွက်ဖက်လာတယ်။ နောက်ဆုံး ကမ္ဘာ့ကုလသမဂ္ဂအခြေခံမူကိုပင် ဖောက်ဖျက်ဆန့်ကျင်ပြီး မထင်ရင်မထင်သလို အကြမ်းဖက်အင်အားသုံး စစ်ပွဲတွေ ဆင်နွှဲလာတယ်။ အဲဒီလို အမေရိကန်အစိုးရနဲ့ အပေါင်းပါတွေ ကိုယ်တိုင် အကြမ်းဖက်စစ်ပွဲတွေ ဆင်နွှဲနေမှုဟာ ဘယ်လိုမှ အကြမ်းဖက်မှုတွေကို ဘယ်လိုမှ ချုပ်ငြိမ်းစေလိမ့်မယ် မဟုတ်ပါ။ မကြာသေးခင်က အမေရိကန်နိုင်ငံ ဘော်စတွန်မှာကျင်းပတဲ့ ဒီမိုကရက်တစ်ပါတီ ညီလာခံတွင် သမ္မတဟောင်းဂျင်မီကာတာက ဘုရှ်အစိုးရအပေါ် “ယခုအခါတွင်မူ အမေရိကန်ရဲ့ဂုဏ်သိက္ခာဟာ ပြိုကွဲကျဆင်းသွားပြီဖြစ်ပြီး ကျွန်ုပ်တို့ဟာ တစ်နေ့တခြား အထီးကျန်ဖြစ်လာနေကာ ကမ္ဘာကြီးရဲ့ရန်သူလို အနေအထားကို ရောက်ရှိသွားပြီးဖြစ်ကြောင်း၊ ကမ္ဘာကြီးက ယုံကြည်အားထားမှု မရှိလျှင် အမေရိကန်ဟာ ဂုဏ်ရောင်ပြောင်လိမ့်မည်မဟုတ်ကြောင်း” ဝေဖန်ပြောကြားသွားခဲ့ပါတယ်။ ဒီကနေ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အမေရိကန်နဲ့ အပေါင်းပါ အနောက်အုပ်စု နိုင်ငံအချို့ရဲ့ မောက်မာထောင်လွှားစွာ မလေးမခန့် ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များနဲ့ သူတစ်ပါးပြည်တွင်းရေးမှာ ထင်သလို ဝင်ရောက်စွက်ဖက်မှုလုပ်ရပ်များကို အကြောင်းပြုပြီး လူဖြူဆန့်ကျင်ရေး အမြင်အချို့ အခုလိုပေါ်ထွက်လာနေပါတယ်။

လူဖြူတွေက လူဖြူမဟုတ်သူတွေအပေါ် ကိုလိုနီပြုကျင့်တယ်ဆိုရာမှာ နယ်မြေသိမ်း၊ စီးပွားရေးအမြတ်ထုတ်ဆိုတာလောက်မဟုတ်ဘူး။ လုပ်ချင်ရာလုပ်ခွင့်ရှိသွားတယ်။ သူတို့ပုံဖော်ချင်သလို ဖော်တယ်။ သူတို့က လူမျိုးတစ်မျိုး၊ လူ့အဖွဲ့အစည်းတစ်ခုကို ပုံဖော်ချင်သလို ဖော်တယ်။ လွယ်လွယ် ဥပမာတစ်ခုပြပါရစေ။ ‘တတိယကမ္ဘာ’လို့ ခေါ်တာကိုသာကြည့်။ ပြင်သစ်တော်လှန်ရေးတုန်းက “Third Estate”ဆိုတာကို နမူနာယူပြီး လွတ်လပ်ပြီးစ၊ ဖွံ့ဖြိုးစနိုင်ငံတွေကို ၁၉၅၅ ခုနှစ် ဘန်ဒေါင်းကွန်ဖရင့်မှာ ကင်ပွန်းတပ်လိုက်တာပဲ။ တည့်တည့်ညွှန်းရရင်တော့ (နောက်ကွယ်က အဓိပ္ပာယ်ဟာ) လူဖြူနိုင်ငံတွေလို မချမ်းသာတဲ့၊ မယဉ်ကျေးတဲ့နိုင်ငံတွေလို့ ညွှန်းချင်တာပဲ။ ပါမောက္ခ ဆာယိရဲ့ စကားနဲ့ပြောရရင်တော့ ဥရောပ(လူဖြူ)မဟုတ်တဲ့ တိုင်းပြည်တွေအပေါ် အနောက်တိုင်း(လူဖြူ)ကဆက်ပြီး အင်အားသုံး လွှမ်းမိုးနေတာပဲ။ ဒီတော့ ကိုလိုနီစနစ်ဟာ ဘယ်တုန်းကမှ မပြီးဆုံးခဲ့ဘူးလို့ ဆိုရမယ်။

သူတို့အမြင်နဲ့ မကိုက်ညီသမျှကို အပြစ်လို့ယူပြီး ဘယ်သူ့ကိုမဆို စော်ကားနိုင်တယ်။ အရပ်စကားနဲ့ပြောရရင်တော့ ‘အသုဘအိမ်တက်ပြီး ဖဲရိုက်တာပဲ’။ သူများတကာ မျက်ရည်ကျတုန်း သူ့အဖို့ အမြတ်ထွက်ဖို့ပဲ။

လူဖြူမဟုတ်သမျှ နင်းပြားချည်းပဲ။ ဘာမှပြန်ပြောလို့ မရသလိုကိုဖြစ်နေတယ်။ မျိုးချစ်စိတ်ရှိတာ၊ ကိုယ့်လူမျိုး ကိုယ်ချစ်တယ်ဆိုရင်ကို အကြမ်းဖက်သမားလို့ ယိုးစွပ်နေတော့တာပဲ။ လူဖြူပြောသမျှ ဟုတ်ပဆိုတဲ့အမြင်ကြီးမားသထက် ကြီးမားအောင်လုပ်နေကြတယ်။ တခြားသူတွေရဲ့ အချုပ်အခြာအာဏာပိုင်တဲ့ တိုင်းပြည်၊ နိုင်ငံ စတာတွေအပေါ်မှာ လူဖြူဟာ ဘာမှ တန်ဖိုးထားတာ မရှိတော့ဘူး။

တုတ်ထိုးအိုးပေါက် ပြောကြရမယ်ဆိုရင်တော့ ဒီကနေ့ကာလဟာ လူဖြူတွေရဲ့ ကိုလိုနီဝါဒသစ်ရဲ့ အားအကြီးဆုံးအချိန်ပဲ။ အရမ်းကားဆုံးအချိန်ပဲ။ အရမ်းကားဆုံးလို့ဆိုရတာ လူဖြူတွေအနေနဲ့ အကြမ်းဖက်ဝါဒကိုပင် တရားသောနည်းလမ်းတစ်ခုအဖြစ် The end justifies the means ဆိုသလို သုံးစွဲလာကြလို့ပဲ။ တကယ်တော့ အကြမ်းဖက်ဝါဒ (Terrorism)ဆိုတာ နှစ်မျိုးပဲရှိတယ်။ တစ်ဦးတစ်ယောက်က ဦးဆောင်တဲ့ အကြမ်းဖက်ဝါဒ (Individual-led terrorism)နဲ့ နိုင်ငံများက ဦးဆောင်တဲ့အကြမ်းဖက်ဝါဒ [State(s)-led terrorism]ပဲ။ လူဖြူတွေသုံးနေတာက နိုင်ငံများကဦးဆောင်တဲ့ အကြမ်းဖက်ဝါဒပဲ။

ဘယ်လိုပဲဖြစ်ဖြစ် လူဖြူမဟုတ်တဲ့ လူမျိုးစုတွေ၊ နိုင်ငံငယ်တွေဟာ သတိရှိဖို့ ကောင်းတဲ့အချိန်ပဲ။ သတိရှိဖို့ဆိုတာ လူဖြူတွေအဖို့ ရမ်းကားတယ်ဆိုတာက အဆန်းမဟုတ်ဘူး။ အဲဒါအပြင် လူဖြူရဲ့ တခြားလက်နက်တစ်ခုက ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ခိုင်းတတ်တဲ့ ပညာပဲ။ နေအင်အားကောင်းတော့ ဖြားယောင်းရတာလွယ်တယ်။ နိုင်ငံငယ်တွေကို ငွေအင်အားသုံး ဖြားယောင်းမယ်။ နိုင်ငံငယ်က လူတွေကို သူတို့အမြင် စိမ့်ဝင်ပျံ့နှံ့အောင် ပျားရည်နဲ့ ဝမ်းချပေးမယ်။

အမှန်တကယ်ကတော့ ဘယ်လူမျိုးကိုမှ မုန်းတီးစရာမလိုပါ။ ငြိမ်းချမ်းရေး၊ တန်းတူရည်တူရှိရေး၊ လူမျိုးစုံချစ်ကြည်ရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတွေကိုသာ ကြိုးပမ်းသွားကြဖို့ ဖြစ်ပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ဇွန်လ ၂၈ ရက်နေ့ ပေကျင်းမြို့တွင် ကျင်းပခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျင့်သုံးလာခဲ့သော ငြိမ်းချမ်းရေး အဓိက နိုင်ငံခြားရေးမူဝါဒ အနှစ်(၅၀)မြောက် အထိမ်းအမှတ်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အခုလို ပြောကြားသွားခဲ့ပါတယ်။

> “လွန်ခဲ့သော နှစ်ပေါင်း(၅၀)လုံးလုံး တရုတ်ပြည်က ကျင့်သုံးခဲ့တဲ့ သံရေး တမန်ရေးနည်းဗျူဟာဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်ပေါ်တွင် အခြေခံခဲ့တဲ့ နည်းဗျူဟာဖြစ်တယ်။ ဒီမူကြီး (၅)ချက်ဟာ မြန်မာ၊ အိန္ဒိယ၊ အီဂျစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံစတဲ့ ဘက်မလိုက် နိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးပွဲမှရရှိခဲ့သော သဘောတူကြေညာချက်ဖြစ်ပြီး အဲဒီတုန်းက တရုတ်ပြည်မှ ဝန်ကြီးချုပ် ချူအင်လိုင်း ပါဝင် လက်မှတ်ရေးထိုးခဲ့တယ်။ ဒီမူဝါဒ(၅)ရပ်ဟာ အဲဒီတုန်းက ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော အရှေ့အုပ်စုနဲ့ အမေရိကန်ပြည်ထောင်စု ဦးဆောင်သော အနောက်အုပ်စုတို့အကြား ဖြစ်ပွားခဲ့တဲ့ စစ်အေးတိုက်ပွဲ ကာလတစ်လျှောက်လုံး ဘက်မလိုက်နိုင်ငံတို့က ကျင့်သုံးခဲ့သော ငြိမ်းချမ်းရေးသို့ ဦးတည်တဲ့ အဓိက နိုင်ငံရေးမူဝါဒပင်ဖြစ်တယ်။
>
> ဒီမူကြီး(၅)ရပ်ရဲ့ အဓိက အနှစ်သာရမှာ–
>
> (၁) တစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်နက်ကို တစ်နိုင်ငံက လေးစားရန်၊
>
> (၂) တစ်နိုင်ငံက တစ်နိုင်ငံကို ရန်စကျူးကျော်ခြင်းမပြုရန်၊
>
> (၃) တစ်နိုင်ငံရဲ့ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊
>
> (၄) တစ်နိုင်ငံနဲ့တစ်နိုင်ငံ တန်းတူရည်တူဆက်ဆံရန်နဲ့ အပြန်အလှန် အကျိုးပြုရန်၊
>
> (၅) နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြရန်
>
> တို့ ဖြစ်ပါတယ်။
>
> ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ဟာ ဒီကနေ့ ၂၁ ရာစု အတွင်း ချင်းနင်းဝင်ရောက်လာသည့်တိုင် မှန်ကန်ခိုင်လုံဆဲ၊ တရားဝင်ကျင့်သုံးနေဆဲ ရှိရုံမက နောင်ကမ္ဘာတည်သရွေ့လဲ နိုင်ငံတိုင်းက ကျင့်သုံးထိုက်၊ ကျင့်သုံးအပ်တဲ့ မူကြီးများဖြစ်ကြောင်း၊ ဒါပေမယ့် ဒီကနေ့ ကမ္ဘာတွင်ရှိနေကြတဲ့ စစ်ရေး မဟာမိတ်ဖွဲ့စည်းထားကြမှုနဲ့ လက်နက်တပ်ဆင် အားဖြည့်မှုများဆိုတဲ့ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သည့် လုံခြုံရေးအယူအဆကိုတော့ လုံးဝ ပယ်ဖျက်ရပ်သိမ်းသင့်ကြပြီဖြစ်ကြောင်း၊ စစ်အေးတိုက်ပွဲ စိတ်နေသဘောထားများကို လုံးဝခဝါချပစ်ပြီး ဒီနေရာမှာ နှစ်ဦးနှစ်ဖက်ယုံကြည်မှု၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမှု၊ နှစ်ဦးနှစ်ဖက် တန်းတူရည်တူဆက်ဆံမှုနဲ့ ငြိမ်းချမ်းချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ခြင်းရှိမှုဆိုတဲ့ လုံခြုံရေးအယူအဆသစ်မျိုးကိုသာ ဦးစားပေးအစားထိုးသင့်ပြီလို့ မစ္စတာဝမ်ကြားပေါင်က တင်ပြသွားခဲ့ပါတယ်။
>
> “တရုတ်ပြည်အနေနဲ့ကတော့ ဘယ်နိုင်ငံကိုမှ ခြိမ်းခြောက်ခြင်း၊ သြဇာပေးခြင်း၊ နယ်မြေချဲ့ထွင်ခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်း၊ သို့မဟုတ် ဗိုလ်ကျ စိုးမိုးအနိုင်ကျင့်ခြင်းစတဲ့ လုပ်ရပ်များကို ဘယ်သောအခါမှ ကျင့်ကြံလုပ်ဆောင်လိမ့်မည်မဟုတ်ကြောင်း မစ္စတာဝမ်ကြားပေါင်က ဆက်လက်ပြောဆို တင်ပြသွားပါတယ်။”

ဒါကြောင့် ဒီကနေ့ နိုင်ငံတွေအပေါ်မှာ ကျင့်သုံးနေတဲ့ အစွန်းရောက် အမေရိကန်နိုင်ငံခြားရေးဝါဒရဲ့ ဆိုးကျိုးတွေဟာ အမေရိကန်ပြည်သူတွေကိုရော နိုင်ငံတကာဆက်ဆံရေးကိုပါ ထိခိုက် ဆုတ်ယုတ်နေစေတယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

တပ်မတော်အစိုးရ ပေါ်ပေါက်လာချိန်ကစလို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနဲ့ ကုန်သွယ်ရေးကဏ္ဍအသီးသီးဟာ လွတ်လပ်ပွင့်လင်းလာခဲ့ပါတယ်။ လူနေမှုအဆင့်အတန်းတွေလဲ ပြောင်းလဲတိုးတက်လာပါတယ်။ အခြေခံအဆောက်အအုံ (Infrastructure) တွေလဲ ဘယ်ခေတ်ဘယ်အခါနဲ့မှမတူအောင် ပြောင်းလဲတိုးတက်လာတယ်။ ပြည်တွင်းဈေးကွက်လဲ ကျယ်ပြန့်လာပြီး ပြည်ပဈေးကွက်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်လာတယ်။ အထူးသဖြင့် အာဆီယံ+၃ နိုင်ငံများနဲ့သာမက အိမ်နီးချင်းနိုင်ငံတွေ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်လာတယ်။ ပြည်ပဝယ်လိုအားတွေလဲ ပေါ်ပေါက်လာသလို ပြည်တွင်းထုတ်လုပ်မှုတွေလဲ တိုးမြင့်လာနေပါတယ်။

အာစရိယ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် သြဂုတ် ၂၀

မော်လမြိုင်မြို့ မော်တင်လိမ်း ဂျဒ်ဆင်နှင့် အထက(၆) ကျောင်းတွင် ၁၉၄၆–၁၉၇၅ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက် (၆၀) ပြည့်ဆရာ ဆရာမများအား အထက်ပါခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော တပည့်ဟောင်းများက ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ ပြည်လမ်း (၆မိုင်ခွဲ)၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (I.B.C)ခန်းမတွင် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်သည်။

တပည့်ဟောင်းများသည် ဦးသိန်းဝင်း ဖုန်း–၀၁–၂၀၂၀၆၂၊ ဒေါ်သစ်သစ် ၀၁–၆၆၃၇၅၁၊ ဦးတင်မောင်ဦး ၀၁–၅၄၈၃၅၆၊ ဦးအောင်ပြုံး ၀၁–၂၉၃၈၄၇၊ ဒေါ်မြမြ ၀၁–၅၄၁၅၆၉၊ ဒေါ်ခင်ချိုဦး ၀၁–၂၄၉၅၇၃ နှင့် ဒေါ်မြဝင်းကြည် ၀၅၇–၂၅၅၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

သြဂုတ် ၁၅ ရက်က ပြည်မြို့နယ် မှတ်ရှည်ကျေးရွာအုပ်စုတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်မှုကို ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းဦးစီးဌာနမှူး ဦးခင်ရွှေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၄၀၃)

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဩဂုတ် ၁၉ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၄၇ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက် ခဲ့ကြသည်။ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

သေဆုံး

၂၀၀၄ ခုနှစ် ဩဂုတ်၁၉ရက် ကြာသပတေးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၄၇ဦး ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၀၆ဦး မှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌အခြား တပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ဦး၊ အီတလီ ၁၈ဦး၊ စပိန်၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ကိုးဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်းကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၀၉ ဦးဖြစ်ပြီး ယင်းအနက် ၅၈၇ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၂ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ စိုးရိမ်နေရဆဲဖြစ် သတိကြီးစွာထား၍ ကုလအမှုထမ်းများ အီရတ်သို့ပြန်လည်သွားရောက်

ကုလသမဂ္ဂ ဩဂုတ် ၁၉

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးချုပ်အား ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် လူအများအပြားသေဆုံးခဲ့ရပြီး တစ်နှစ်အကြာတွင် ကုလသမဂ္ဂသည် အီရတ်သို့ အကန့်အသတ်ဖြင့် သတိကြီးစွာထားလျက် ပြန်သွားခဲ့သော်လည်းလုံခြုံရေးအခြေအနေမှာမူ စိုးရိမ်စရာဖြစ်မြဲဖြစ်သည်။

လွန်ခဲ့သည့် ဩဂုတ် ၁၉ ရက်၌ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးချုပ်သည် ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းခံရသဖြင့် လူ ၂၂ ဦးမျှ သေဆုံးခဲ့ရာ ကုလသမဂ္ဂ၏ သမိုင်းကြောင်းတွင်လူအသေအပျောက်အများဆုံးဖြစ်ခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်လွှားတွင် ယင်း၏လုပ်ငန်းများအား မည်သို့ ဆောင်ရွက်မည်ဆိုသည်ကို မဖြစ်မနေ ပြန်အကဲခတ်ခဲ့ရသည်။

အနာဂတ်အတွက် ကုလသမဂ္ဂအဖွဲ့အစည်းသည် အီရတ်နိုင်ငံတွင် တိုက်ခိုက်ခံရမည့် ပစ်မှတ်ဖြစ်မြဲရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ယခုလအစောပိုင်း၌ လုံခြုံရေးကောင်စီသို့ တင်သွင်းသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ အီရတ်ဆိုင်ရာ သံတမန်သစ် အက်ရှ်ရပ်ဖ်ဂျီဟင်ဂါကာဇီသည် အဖွဲ့ငယ်တစ်ဖွဲ့နှင့်အတူ လွန်ခဲ့သည့် သောကြာနေ့၌ ဘဂ္ဂဒက်သို့ ရောက်ရှိလာရာ အစောပိုင်း၌ လုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည့်အတိုင်း အဆိုပါ ကုလသမဂ္ဂအဖွဲ့ကို နိုင်ငံစုံတပ်ဖွဲ့က အကာအကွယ်ပေးမည်ဟုထင်ရသည်။

ထိုသို့ဆိုသော်လည်း ယင်းကုလသမဂ္ဂအဖွဲ့ကို အကာအကွယ်ပေးမည့် တပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှပင် မရှိသေးကြောင်းနှင့် တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ကမ်းလှမ်းသောနိုင်ငံများ ရရှိရေးသည်လည်း တိုးတက်မှုမရှိသေးကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်တွင်ရှိသောအမေရိကန်သံရုံးအဆောက်အအုံတစ်ခု စိန်ပြောင်းဖြင့် ပစ်ခတ်ခံရ၍အမေရိကန်နှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၂၀

ဘဂ္ဂဒက်တွင်ရှိသော အမေရိကန်သံရုံး၏ ရုံးအဆောက်အအုံတစ်ခုကို ကြာသပတေးနေ့က စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သံရုံးပြောခွင့်ရှိသူက ပြောကြားသည်။

ထိမှန်

ထိုသို့ပစ်ခတ်မှုကြောင့် အစိမ်းရောင် ဒေသအတွင်းရှိ ရုံးအဆောက်အအုံတစ်ခု၏ အမိုးကိုထိမှန်ခဲ့ကြောင်း ထိုပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လုပ်ကိုင်

ယင်းဆောက်အအုံအတွင်း၌ အမေရိကန်သံတမန်များသည် အမေရိကန်ဦးဆောင်သော အပေါင်းအပါတပ်ဖွဲ့မှ အရာရှိများနှင့်အတူ အလုပ်လုပ်ကိုင်လျက်ရှိကြသည်ဟု ဆိုသည်။ ပေါက်ကွဲမှုဖြစ်ချိန်၌ အမေရိကန် သံအမတ်ကြီး ဂျွန်နီဂရိုပွန်တီမှာ ဘဂ္ဂဒက်၌မရှိဟု သိရသည်။

ပေါက်ကွဲ

အမေရိကန်စစ်ဘက်ဆိုင်ရာက အစောပိုင်း၌ ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် အစိမ်းရောင်ဒေသအတွင်း၌ စိန်ပြောင်းကျည်နှစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ လူနှစ်ဦး ဒဏ်ရာရရှိကြောင်း ဖော်ပြသော်လည်း အသေးစိတ်ကို ဖော်ပြထားခြင်းမရှိပေ။ ထို့ပြင် ယင်းတိုက်ခိုက်မှု၌ သံရုံးအဆောက်အအုံအား စိန်ပြောင်းဖြင့် တိုက်ခိုက်မှု ပါဝင်ခြင်းရှိမရှိလည်း အတိအကျ ဖော်ပြထားခြင်းမရှိပေ။ **အမ်အင်အေ၊ရိုက်တာ**

လုံခြုံရေး စောင့်ကြပ်

ဘာဆာရာမြို့တွင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ် ပြောက်ကျားများ လုံခြုံရေး စောင့်ကြပ်နေသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် စစ်ယာဉ်များဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအား ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီယာဉ်မောင်း ပြန်လွတ်လာ ထောက်ပံ့ရေး ပစ္စည်းများပေးပို့စဉ် အဖမ်းခံခဲ့ရခြင်းဖြစ်

အန်ကာရာ ဩဂုတ် ၁၉

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ပြန်ပေးဆွဲသွားခြင်းခံခဲ့ရသည့် တူရကီ ထရပ်ကားယာဉ်မောင်း မူစတာဖာကော့ဆာ လွတ်မြောက်လာကြောင်း တူရကီ နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူဂါလ်က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အဖမ်းခံရ

မူစတာဖာကော့ဆာသည် ဖမ်းဆီးခံရသော တူရကီယာဉ်မောင်းနှစ်ဦး အနက် တစ်ဦးဖြစ်ပြီး အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များထံ ထောက်ပံ့ရေး ပစ္စည်းများပို့စဉ် ဓားစာခံအဖြစ် အဖမ်းခံခဲ့ရခြင်းဖြစ်သည်ဟု ယခုသီတင်းပတ်၌ မိသားစုဝင်များက ပြောကြားသည်။

သံရုံး၌ရှိ

ယခုအခါ ကော့ဆာသည် တူရကီသို့မပြန်မီ ဘဂ္ဂဒက်ရှိ တူရကီ သံရုံး၌ ရှိကြောင်း သတင်းစာရှင်းပွဲ၌ ဝန်ကြီးဂါလ်က ပြောကြားသည်။ ဒုတိယ တူရကီယာဉ်မောင်းရှိမည့်နေရာကို အတိအကျမသိရသေးဘဲရှိသည်ဟု ဆိုသည်။

ရုပ်သိမ်း

အီရတ်နိုင်ငံတွင် နိုင်ငံခြားသား အလုပ်သမားအများအပြား ပြန်ပေးဆွဲခံရသဖြင့် အလုပ်သမားများ၏လုံခြုံရေးကို စိုးရိမ်သော တူရကီကုမ္ပဏီအချို့သည် အီရတ်မှ ရုပ်သိမ်းသွားကြသည်။

အမ်အင်အေ၊ရိုက်တာ

ကင်ညာနိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသမီး ၁၁၉နှစ်တွင်သေဆုံး

နိုင်ရိုဘီ ဩဂုတ် ၁၉

ကင်ညာနိုင်ငံတွင် အသက်အကြီးဆုံး အမျိုးသမီးကြီးဟုယုံကြည်ရသော မာရီယာရုပ်ဝေ ချက်ပ်ကီမ္ဗိုင်ဆိုသူ အမျိုးသမီးကြီးသည် အသက်၁၁၉နှစ်တွင် သေဆုံးသွားကြောင်း အိစ်အာဖရိကင်စတင်းဒတ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

နောက်ဆုံးတွင် မေမေကြီး ချက်ပ်ကီမ္ဗိုင်သည် လွန်ခဲ့သည့် ကြာသပတေးနေ့ညက ဘဝနိဂုံးချုပ်သွားပြီဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

မာရီယာသည် ကင်ညာနိုင်ငံတွင် အသက်အကြီးဆုံးအမျိုးသားကြီးတစ်ဦးဟု ယုံကြည်ရသော ဒင်နီယယ်လ်ဝင်ဂျာဆိုသူ သေဆုံးပြီး ငါးရက်အကြာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။ အမျိုးသားကြီးမှာ အသက် ၁၁၅နှစ်ဖြစ်သည်။

ဝင်ဂျာကဲ့သို့ပင် မာရီယာသည် ကင်ညာနိုင်ငံအနောက်မြောက်ဘက်ရှိ တင်မ်ဘက်ချ်တိုင်းကီယိုခရိုင် မူတေဒေသတွင် ၁၈၈၅ခုနှစ်က မွေးဖွားခဲ့သူဖြစ်ကြောင်း ၎င်းနှင့်နီးစပ်သော ဆွေမျိုးသားချင်းများက ပြောသည်။

မာရီယာတွင်ကလေးငါးဦး၊ မြေး၃၅ဦး၊ မြစ် ၂၀နှင့် တီသုံးဦးရှိသည်။ ၎င်း၏ ခင်ပွန်းဖြစ်သူ ချာမူကိုသည် ၁၉၄၀ပြည့်နှစ်က ကွယ်လွန်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နာဂျက်ဖ်မြို့တွင် တိုက်ပွဲများပြင်းထန်

သေဆုံးဒဏ်ရာရသူ ၂၉ ဦးရှိ

နာဂျက်ဖ် ဩဂုတ် ၁၉

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ဗုဒ္ဓဟူးနေ့က အီရတ်လက်နက်ကိုင် ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲများ ပြင်းထန်ခဲ့ရာ လူများစွာ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း ဆေးဘက်ဆိုင်ရာအရာရှိများက ပြောသည်။

တိုက်ပွဲ၌ သေဆုံးဒဏ်ရာရရှိသူ ၂၉ဦး ဆေးရုံသို့ ရောက်ရှိလာကြောင်း နာဂျက်ဖ်ဆေးရုံကြီးမှ ညွှန်ကြားရေးမှူး ဖာလာအယ်လ်မူဟာနာက ပြောကြားသည်။ ယင်းအရေအတွက်တွင် သေဆုံးဒဏ်ရာရသူများ ပါဝင်သော်လည်း အတိအကျ ကို ၎င်းက ပြောဆိုခြင်းမရှိပေ။

ပြုစုကုသ

အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဂျက်ဖ်မြို့မှ ဆေးရုံများသည် အရပ်သားနှင့် လက်နက်ကိုင်ပြောက်ကျားများကို လွန်ခဲ့သောနှစ်ပတ်ကစ၍ ပြုစုကုသပေးခဲ့ရပြီး အမေရိကန်တပ်ဖွဲ့ဝင်များအားမူ အမေရိကန်စစ်စခန်းများ၌ ပြုစုကုသပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားတစ်ဦးကို ဩဂုတ်၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်အနောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၉

ဘဂ္ဂဒက်အနောက်ပိုင်းတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အင်္ဂါနေ့ကဖြစ်ပွားသည့်တိုက်ပွဲ၌ သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြ

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်သည် အယ်လ်အန်ဘာပြည်နယ်၌ လုံခြုံရေးနှင့်တည်ငြိမ်ရေး စစ်ဆင်ရာတွင် တိုက်ပွဲဖြစ်ပွားပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

တိုက်ခိုက်

အမေရိကန်နှင့် အီရတ်အစိုးရတပ်ဖွဲ့များကို နေ့စဉ်နီးပါး တိုက်ခိုက်နေသော ဖော်လူဂျာနှင့် ရာမာဒီမြို့များသည် အန်ဘာပြည်နယ်တွင် ပါဝင်သည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်မြို့တွင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားများအား တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

မြန်မာ့အလင်း



နိုင်ငံတကာသတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မှ မရုပ်သိမ်းလျှင် ဖမ်းဆီးထားသော အနောက်အုပ်စုသတင်းထောက်အား သတ်ပစ်မည်ဟု ခြိမ်းခြောက်

နာဂျက်ဖ် ဩဂုတ် ၁၉

အကယ်၍ နာဂျက်ဖ်မြို့မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်းမပြုခဲ့လျှင် အီရတ်လက်နက်ကိုင် အုပ်စုက ပြန်ပေးဆွဲထားသော အနောက်အုပ်စုသတင်းထောက်ကို သတ်ဖြတ်ပစ်မည်ဟု ယင်းလက်နက်ကိုင်အုပ်စုက ခြိမ်းခြောက်လျက်ရှိသည်။

ထုတ်လွှင့်

မာတားတပ်ဖွဲ့ဟုခေါ်သော လက်နက်ကိုင်အုပ်စု၏ ပြောကြားချက် ဗီဒီယိုတိပ်ခွေကို အာရပ်ဘာသာဖြင့် ထုတ်လွှင့်သော အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

ပြန်ပေးဆွဲခံရ

အနောက်အုပ်စုသတင်းထောက်နှင့် ၎င်း၏စကားပြန်တို့သည် နာဆီရီယာမြို့၌ လွန်ခဲ့သည့် သီတင်းပတ်က ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ပြီး ယင်းသတင်းထောက်သည် စစ်ပွဲကြောင့် ပျက်စီးခဲ့ရသော ရှေးဟောင်းသုတေသနဌာနများနှင့်ပတ်သက်သည့် စာတမ်းပြုစုနေသော ဝန်ထမ်းတစ်ဦးဖြစ်သည်။ **(စီအင်န်အင်န်)**

နာဂျက်ဖ်မြို့၌ ကန်တပ်ဖွဲ့ဝင်များ အင်အားသုံးတိုက်ခိုက်နေ

ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် အယ်လ်ဆာဒါ မဆွေးနွေးနိုင်

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်နိုင်ငံ၌ ကျင်းပနေသော အီရတ်အမျိုးသားကွန်ဖရင့်မှ ကိုယ်စားလှယ်အဖွဲ့သည် နာဂျက်ဖ်မြို့၌ မွတ်တာဒါအယ်လ်ဆာဒါနှင့် တွေ့ဆုံမှုပျက်ပြားပြီးနောက် နာဂျက်ဖ်မြို့တွင်ဖြစ်ပွားနေသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ သစ္စာခံတပ်ဖွဲ့များအကြား တိုက်ပွဲများအဆုံးသတ်ရေး ကြားဝင်ဆောင်ရွက်မှုများလည်း ဆုံးခန်းတိုင်ခဲ့ကြောင်း သိရှိရသည်။

နာဂျက်ဖ်မြို့ တင်းမာမှုအခြေအနေသည် ဘဂ္ဂဒက်၌ ကျင်းပလျက်ရှိသည့် အီရတ်အမျိုးသားကွန်ဖရင့်၌ ကြားဖြတ်ဥပဒေပြုအဖွဲ့တစ်ရပ်ဖွဲ့စည်းရေးကို နှောင့်နှေးကြန့်ကြာစေလျက်ရှိကြောင်း သိရှိရသည်။

အကြံပေး

၎င်းအဖွဲ့သည် လာမည့်နှစ် ဇန်နဝါရီလ ရွေးကောက်ပွဲမတိုင်မီ အီရတ်ကြားဖြတ်အစိုးရကို ကြီးကြပ်အကြံပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မဆွေးနွေးနိုင်

ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် နာဂျက်ဖ်မြို့တွင် ပြီးခဲ့သည့် အင်္ဂါနေ့က အယ်လ်ဆာဒါနှင့်တွေ့ဆုံရန် သုံးနာရီကြာ စောင့်ဆိုင်းခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပိုမိုကျူးကျော် တိုက်ခိုက်နေမှုကြောင့် မတွေ့ဆုံ မဆွေးနွေးနိုင်ကြောင်း အယ်လ်ဆာဒါက ပြောကြားခဲ့သည်။ **(စီစီတီဗွီ)**

ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းထောင်၌ ကန်စစ်ရဲက ပစ်ခတ်သဖြင့် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဂါရိပ်အကျဉ်းထောင်၌ အမေရိကန်စစ်ရဲက အီရတ်အကျဉ်းသားများကို သေနတ်ဖြင့်ပစ်ခတ်မှုတစ်ရပ် ယမန်နေ့က ဖြစ်ပွားခဲ့ရာ အလွန်ဆိုးရွားသည့် နေ့တစ်နေ့ဖြစ်ခဲ့ရသည်။

ယင်းဖြစ်ရပ်တွင် အီရတ်အကျဉ်းသားနှစ်ဦး သေနတ်ပစ်ခံရခြင်းကြောင့် သေဆုံးသွားပြီး အခြားငါးဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါအကျဉ်းထောင်၌ အကျဉ်းသားအချင်းချင်း ဖြစ်ပွားသော ရန်ပွဲကို ရပ်တန့်စေရန်အတွက် ယခုလို ပစ်ခတ်မှုဖြစ်ပွားခဲ့ရာမှ ကျန်အကျဉ်းသား ၂၀၀သည်လည်း သားကောင်သဖွယ် ဖြစ်ခဲ့ရသည်။

ပြင်ဆင်နေ

ဤအတောအတွင်း အကျဉ်းသားအရေးကိစ္စနှင့်သက်ဆိုင်သည့် အစီရင်ခံစာကိုထုတ်ပြန်ရန် အမေရိကန်စစ်တပ်မှ ပြင်ဆင်နေကြောင်း သိရသည်။

အမေရိကန် ကာကွယ်ရေးဆိုင်ရာ အရာရှိများ၏ ပြောကြားချက်အရ အကျဉ်းသားအရေးကိစ္စတွင် ပါဝင်ပတ်သက်သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၂၄ဦးအထိ ဖြစ်သွားနိုင်ကြောင်း ယခုလောလောဆယ်၌ ခုနစ်ယောက်ကိုသာ ရုံးတင်စစ်ဆေးနေကြောင်း သိရသည်။

ထိုအစီရင်ခံစာတွင် အမှတ် ၂၀၅ စစ်ဘက် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ ကန်ထရိုက် လုပ်ငန်းရှင်များနှင့် အခြားအစိုးရတပ်ဖွဲ့ဝင်များ၏ အကျဉ်းသားများအပေါ် အမှားပြုမှုများနှင့် ပတ်သက်သည့် ရှာဖွေတွေ့ရှိမှုကို အသေးစိတ် ဖော်ပြမည်ဖြစ်သည်။

ဝေဖန်

အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်တပ်ဖွဲ့များကို စောင့်ကြပ်ကြည့်ရှုရန် ပျက်ကွက်မှုအပေါ် အမေရိကန်တပ်မှူးက ဝေဖန်ခဲ့သည်။ **(စီအင်န်အင်န်)**

ရာဇဝတ်မှုနှိမ်နင်းရေး အာဆီယံအဆင့်မြင့် ရဲအရာရှိများ ဆွေးနွေး

ဗန်ကောက် ဩဂုတ် ၁၉

အာဆီယံ ၁၀နိုင်ငံမှ အဆင့်မြင့် ရဲအရာရှိများသည် ဒေသအတွင်း ရာဇဝတ်ပြစ်မှုဆိုင်ရာ အမှုကိစ္စများအား နှိမ်နင်းရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးရန်အတွက် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း သတင်းမျှဝေမှုနှင့် ဥပဒေအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် မည်မျှတိုးတက်သည်ကို အဓိကဆွေးနွေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

နာဂျက်ဖ်မြို့၌ ပြောက်ကျားများနှင့် အမေရိကန် တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာတွင် စိန်ပြောင်းကျည် နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲသဖြင့် ကြောက်လန့်ပြီး ငိုကြွေးနေသော အီရတ်အမျိုးသမီးတစ်ဦးအား ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်

နာဂျက်ဖ်မြို့၌ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်နေသော အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဆောက်အအုံ မီးလောင်

နာဂျက်ဖ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် အဆောက်အအုံတစ်ခု မီးလောင်နေသည်ကို ဩဂုတ် ၁၉ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခုခံတိုက်ခိုက်ရေးသမား

ဘာဆာရာမြို့ လမ်းတစ်လမ်းပေါ်တွင် အီရတ်ခုခံတိုက်ခိုက်ရေး သမားများကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မော်တော်ယာဉ်ပျက်စီး

နာဂျက်ဖ်မြို့၌ ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာတွင် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ် ပေါ်မှ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာ ရရှိခဲ့သော အီရတ်တို့ ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျေးလက်ဒေသရေရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ရေချိုရရှိရန် ပြန်လည်တူးဖော်

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွာသစ်ကြီးကျေးရွာနှင့်ဝဲကြီးကျေးရွာတွင် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ရေစက်ရုံ၊ ရေကန်နှင့် ရေငန်တွင်းများ ရေချိုရရှိရန် ပြန်လည်တူးဖော်ဆောင်ရွက်မှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–

ခွက်ခွင်းကျေးရွာ အလှူရှင် နှစ်လက်မစက်ရေတွင်း

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာတွင် အလှူရှင် နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းကိုဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဤသို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

(ဓာတ်ပုံ–မြို့နယ်စည်ပင်)

ကျွဲတဲရပ်ကွက် စက်ရေတွင်း

ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရေခက်ခဲသော မြို့ပေါ် ရပ်ကွက်များတွင် လေးလက်မ စက်ရေတွင်းလေးတွင်း တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ တူးဖော်ပြီးစီးသွားသော ကျွဲတဲ ရပ်ကွက်ရှိ စက်ရေတွင်းကို ဤသို့တူးဖော်ခဲ့သည်။

(ဓာတ်ပုံ–မြို့နယ်စည်ပင်)

ကိုင်းတောကြီးကျေးရွာ ကျေးလက်ရေတွင်း

မကွေးတိုင်း မင်းဘူးမြို့နယ် ကိုင်းတောကြီးကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဤသို့ဆောင်ရွက်ပေးခဲ့သည်။

(ဓာတ်ပုံ–မြို့နယ်စည်ပင်)

ဘုတာပိုင်းရပ်ကွက် နှစ်လက်မ စက်ရေတွင်း

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နှစ်လက်မ စက်ရေတွင်းနက်များ တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ သနပ်ပင်မြို့ ဘူတာပိုင်း ရပ်ကွက် မြရတနာလမ်းတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ–မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲစည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်တွင်ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့ အထိမ်းအမှတ်ပန်းချီပန်းပုပြိုင်ပွဲများကို အောက်ပါစည်းကမ်းချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

အဆင့်ခြောက်ဆင့်ခွဲထား

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့် (မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ)၊ မူလတန်း(အငယ်)အဆင့်(သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း (အကြီး)အဆင့် (တတိယတန်း၊ စတုတ္ထတန်း)၊ အလယ်တန်းအဆင့်(ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊သတ္တမတန်း)၊ အထက်တန်းအဆင့်(အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးကျောင်းများ)နှင့် အလွတ်တန်းအဆင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပန်းချီပန်းပုကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့်ဝါသနာရှင်၊ ပညာရှင်များ)ဟူ၍ အဆင့်ခြောက်ဆင့်ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

ပန်းပုပြိုင်ပွဲ

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့် တစ်မျိုးတည်းသာကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့် (ပလတ်စတာ)နှင့် ပန်းပု(သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲအမျိုးအစား နှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲ

ပန်းချီပြိုင်ပွဲ မူကြိုအဆင့်နှင့်အခြေခံပညာအဆင့်အားလုံးတွင်

(က) ပြိုင်ပွဲဝင် ပန်းချီကား၏ အရွယ်အစားမှာ အလျား လက်မ ၂၀၊ အနံ ၁၅ လက်မအရွယ်အတွင်း နှစ်သက်ရာဆေး၊ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။

(ခ) ကိုယ်တိုင်ရေးဆွဲကြောင်းနှင့် ကျောင်းလိပ်စာ၊ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံဖော်ပြလျက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ စိစစ်ထောက်ခံချက်ဖြင့် စုစည်းပေးပို့ရမည်။

(ဂ) ၂"x၂ ½" အရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ ၂၃-၂-၂၀၀၅ရက် နောက်ဆုံးထား၍ လက်တွေ့ဖွံ့ဖြိုးမှုဌာနစု၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ စုစည်းပေးပို့ရန်နှင့် ၎င်းပြိုင်ပွဲဝင်လက်ရာပန်းချီကားများအား ၁-၃-၂၀၀၅ရက်တွင် တပ်မတော်ခန်းမသို့ စုစည်းပေးပို့ရမည်။

အလွတ်တန်းအဆင့်(ပန်းချီ) ပြိုင်ပွဲတွင်

(က) ပြိုင်ပွဲဝင် ပန်းချီကားများကို အလျားလက်မ ၃၀၊ အနံလက်မ ၂၀ အရွယ်အတွင်း နှစ်သက်ရာ ဆေး၊ စက္ကူ၊ ကင်းဗတ်နည်းစနစ်တို့ဖြင့် အသုံးပြုရေးဆွဲနိုင်သည်။

(ခ) ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်း၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် နေရပ်လိပ်စာတို့ကို ဖော်ပြပါရှိရမည်။

(ဂ) ၂"x၂ ½"အရွယ် ရောင်စုံဓာတ်ပုံ သုံးပုံနှင့်အတူ ၁-၃-၂၀၀၅ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)၊ အမှတ်၁၈၇၊ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ ခုနှစ် မတ် ၁ ရက်မှ ၃ ရက်အတွင်း အတွင်းရေးမှူး ပန်းချီးပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ၊ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

အလွတ်တန်းအဆင့်(ပန်းပု)

အလွတ်တန်းအဆင့် (ပန်းပု)(ပလတ်စတာ)နှင့်အလွတ်တန်းအဆင့်(ပန်းပု)(သစ်သား)ပြိုင်ပွဲနှစ်ရပ်စလုံးတွင်

(က) ပြိုင်ပွဲဝင်ပန်းပုလက်ရာများသည် အမြင့် ၃၆ လက်မထက်မကျော်ရ၊ အောက်ခြေပတ်လည် ၂၄ လက်မထက် မကြီးစေရ၊ နှစ်သက်ရာ သစ်သား၊ ပလတ်စတာ စသည်တို့ဖြင့် ပြုလုပ်နိုင်သည်။

(ခ) ကိုယ်တိုင်ထုလုပ်ကြောင်း ဝန်ခံချက်၊အမည်၊မှတ်ပုံတင်၊ ဆက်သွယ်ရန်လိပ်စာ၊ကိုယ်ရေးအကျဉ်းတို့နှင့်အတူ ၂"x၂ ½" အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပါရှိရမည်။

(ဂ) ပန်းပုရုပ်များကို နှစ်သက်ရာခေါင်းစဉ်ပေးနိုင်ပြီး ယခင်နှစ်များက ပြိုင်ပွဲပြပွဲသို့တင်သွင်းခဲ့ဖူးသည့် ရုပ်ထုမဖြစ်စေရ၊ ၂၀၀၅ ခုနှစ် မတ် ၃ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး၊ ပန်းချီပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ၊ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်။

ပြိုင်ပွဲဝင်ပန်းချီပန်းပုအားလုံးသည် နိုင်ငံတော်၏ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန်ဖြစ်သည်။

ပေးပို့နိုင်

အလွတ်တန်းအဆင့်ပြိုင်ပွဲဝင် ပန်းချီပန်းပုလက်ရာများကို ၂၀၀၅ ခုနှစ် မတ်လ ၁ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာပန်း ပညာရှင်များအစည်းအရုံး(ဗဟို)၊ အမှတ် ၁၈၇ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အတွင်း အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲပြပွဲကျင်းပရေးဆပ်ကော်မတီ ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့ လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

ဂုဏ်ပြုပြပွဲ

တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီပန်းပုပြိုင်ပွဲဝင်လက်ရာများအပြင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတင် ပန်းချီနှင့် ပန်းပုရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန်ဖြစ်သည်။

ရှေးခေတ်မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ စသည့် တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲထုဆစ်နိုင်ကြသည်။

ဂုဏ်ပြုပြပွဲတင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို ၂၀၀၅ခုနှစ် မတ်လ ၁ ရက်မှ ၅ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့သာ တိုက်ရိုက်ပေးပို့တင်သွင်းရန် ဖြစ်သည်။ **(သတင်းစဉ်)**

လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲအကျဉ်းဦးစီးဌာန၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့၏စီစဉ်မှုဖြင့် လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှ၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်စမ်းစမ်းဝေ၊ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဝန်ထမ်းမိသားစုဝင်များ အင်အား၂၅၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာ(MoU) အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီးရာလျန်မုန်းက မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲမှူး အောင်သန်းက လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေရေးရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးဒေါ်ခင်လှလှက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက လမ်းမတော်မြို့နယ် အမှတ် (၁)ရပ်ကွက်ရုံးတွင် လူငယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇာလီဘုန်းနိုင်နှင့် ရပ်ကွက်အဖွဲ့ဝင် (၂) ဦးအုဏ်းမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇာလီဘုန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး အရာရှိ ဦးစိန်တိုးက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၈-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အကပဒေသာ
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ စစ်ကိုင်းတိုင်းပုထိုးလုံးတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammer Made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၄၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၅၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၁၉)
- ၁၃:၂၅ ၆။ မြန်မာ့ရိုးရာတူရိယာပစ္စည်းများမှတိုင်းရင်းသားတို့တူရိယာ
- ၁၃:၃၅ ၇။ လောကနီတိ(၂) **"မိတ်ကောင်းဖော်မွန်"** (ကိုကိုလင်းမောင်၊ မျိုးသန္တာထွန်း၊ ခင်လှိုင်၊ ချစ်စရာ) (ဒါရိုက်တာ-ခင်ဇော်)
- ၁၄:၁၀ ၈။ တေးဂီတအစီအစဉ်
- ၁၄:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၃၅ ၁၀။ နတ်သားတောရေလျောင်တမံ
- ၁၄:၄၅ ၁၁။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သချာၤအထူးပြု) (သချာၤ)
- ၁၇:၁၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၇:၃၀ ၇။ နားဝင်ပီယံသူ့လက်သံ
- ၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ လမူးတံတား
- ၁၇:၅၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၂၀ ၁၁။ တေးဂီတအစဉ်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း-၇)
- ၁၉:၄၀ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"**(အပိုင်း-၁၇)

သန်လျင်မိုးကုတ်အဖွဲ့ခွဲ(၁၂၆) ဝါတွင်းတရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်း သန်လျင်မြို့ အမှတ်(၂၄) သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက် မိုးကုတ် ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ် (၁၂၆)ဝါတွင်း ငါးရက်တရားစခန်းပွဲကို ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၄ ရက် (ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၃ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းကို ဆရာတော် ဦးစိတြနှင့် အဖွဲ့ချုပ်ဓမ္မကထိက ဆရာကြီးဦးစိန်ဝတို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ထက်မြက်သောစေ့စပ်ညှိနှိုင်းမှုစွမ်းရည်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာ-စင်ကာပူ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံတကာ မြို့ပြ ဝန်ထမ်းကောလိပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထက်မြက်သော စေ့စပ်ညှိနှိုင်းမှုစွမ်းရည်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် နာနတ်တောလမ်းရှိ မြန်မာ-စင်ကာပူသင်တန်းကျောင်း၌ ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီတွင် ကျင်းပသည်။

အမှတ်တရ ဓာတ်ပုံရိုက်

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် မစ္စတာ ပီတာ ဟိုတျူမင် တက်ရောက်အမှာစကားပြောကြားပြီးနောက် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား တစ်ဦးချင်းအလိုက် ပေးအပ်သည်။ ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသား၊ သင်တန်းသူ နှစ်ဦးက သံရုံးပထမအတွင်းဝန်နှင့် သင်တန်းနည်းပြ မစ္စတာ စီယောင်ဂင်မ်လိန်းတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများသည် ပထမအတွင်းဝန်၊ သင်တန်းနည်းပြတို့နှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

သင်တန်းသို့ ဝန်ကြီးဌာန အသီးသီးမှ အရာရှိသင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြသည်။ **(က-ပ)**

ဇလွန်မြို့အထက်တန်းကျောင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၀

ဇလွန်မြို့ အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄–၂၀၀၅မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၇ရက်မွန်းတည့် ၁၂နာရီတွင် အထကကျောင်း ဘိုးရာဇာဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ဘီဘီအောင်က အမှာစကားပြောကြားပြီးအလှူငွေများပေးအပ်လှူဒါန်းရာ ဦးကျော်မြင့်–ဒေါ်ချိုချို (တွဲဖက်ပါမောက္ခ၊ဟသာ်တတက္ကသိုလ်)က ကျပ်လေးသောင်းကျော်တန်ဖိုးရှိ အင်္ဂလိပ်စာအုပ်၈၀၀အား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအောင်ပြေနှင့် ညောင်ပင်ဈေးရပ်ကွက် လမ်းမြောက်၊ လမ်းတောင်၊ ဆန်တန်း၊ ကမ်းနားရပ်ကွက်များက လှူဒါန်းငွေကျပ် ၂၀၅၄၅၀၀ကို ကျောင်းအကျိုးတော်ဆောင်အတွင်းရေးမှူး ဦးမြင့်ဆွေ (လှဒေဝီ) တို့က လက်ခံရယူသည်။ ထို့နောက် အမှုဆောင်ဟောင်းများနုတ်ထွက်ပြီး အမှုဆောင်သစ်များရွေးချယ်ကာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ (၁၂၈)

မန္တလေးနားမကြားကလေးများကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဩဂုတ် ၁၉ရက်တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးနားမကြားသောကလေးများကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ယင်းအခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့်တာဝန်ရှိသူများ၊ အလှူရှင် ဂျပန်နိုင်ငံနေ Kyochin Co.,Ltd. ဥက္ကဋ္ဌMr. Sadaaki Tachikiနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာအလှူရှင် Kyochin Co., Ltd. ဥက္ကဋ္ဌ Mr. Sadaaki Tachiki ၊ ပါမောက္ခ Mr. Minoru Kiryu နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်တို့က လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးနားမကြားသော ကလေးများကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကား

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလှူရှင် Kyochin Co.,Ltd. ဥက္ကဋ္ဌ Mr. Sadaaki Tachiki က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ကျေးဇူးတင်စကား

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး၊ ဒုတိယတိုင်းမှူး၊ အလှူရှင်နှင့်ဧည့်ပရိသတ်တို့သည် မန္တလေးနားမကြားသော ကလေးများကျောင်းအတွင်းရှိ ဘက်စုံသင်တန်းခန်းမဆောင်၌ ကျောင်းသား ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးမှုကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဲအင်းဂူ (၁၀)ရက်တရားစခန်းပွဲ အင်းမစံပြကျေးရွာ၌ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

ပန်းတနော်မြို့နယ် အင်းမစံပြကျေးရွာ သံကြိုးတိုင်ကျောင်းအမှတ်(၂၃)သဲအင်းဂူရိပ်သာ၌ နာယကဆရာတော် ဦးဝရဝုဒ္ဓိအားအမှူးထား၍ သဲအင်းဂူဆရာတော်ကြီး၏ဥပနိဿယအတိုင်းကမ္မဋ္ဌာနာစရိယဆရာမကြီးဒေါ်ကုလထေရီက ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားများကို ဟောကြားပြသမည်ဖြစ်ပြီး ဝါခေါင်လပြည့်ကျော် ၅ရက်မှ ဝါခေါင်လကွယ်နေ့အထိ (စက်တင်ဘာ ၄ရက်မှ ၁၃ရက်အထိ) ၁၀ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသောယောဂီများ လာရောက်ကြရန်နှင့် အရဏ်ဆွမ်းနှင့်နေ့ဆွမ်းများကို အင်းမစံပြကျေးရွာ သဲအင်းဂူအဖွဲ့က လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ (၃၂၇)

ကျေးလက်ဒေသ စက်ရေတွင်းများတူးဖော်ရေး အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်းအနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြား လူသိများခြင်း၊ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး (၁၀)ပါးကို ဆုမတောင်းဘဲရရှိ နိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅၄၂၀၊၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း– ၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း–၀၁–၂၈၁၃၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေး အဖွဲ့)ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေး အဖွဲ့)ဖုန်း–၀၂–၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်/စည်ပင်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၉–၈–၂၀၀၄

မြောင်းမြမြို့	၄ ဒသမ ၁၃ လက်မ
ဖျာပုံမြို့	၃ ဒသမ ၈၆ လက်မ
ရေးမြို့	၃ ဒသမ ၄၆ လက်မ
ပုသိမ်မြို့	၃ ဒသမ ၁၁ လက်မ

အောင်ဘာလေသိန်းဆုဖွင့်ပွဲစက်တင်ဘာ(၁)ရက်၌ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

(၁၈၈)ကြိမ်မြောက် ငွေကျပ်(၅၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို စက်တင်ဘာ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၁၈၈)ကြိမ်မြောက်တွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀တစ်ဆု၊ ငွေကျပ်သိန်း ၅၀ ၃၁တစ်ဆု၊ ငွေကျပ် ၂၅သိန်း ၁၃ဆု၊ ငွေကျပ် ခြောက်သိန်း ၆၈၄ဆု၊ ငွေကျပ်ငါးသိန်း နှစ်ဆု၊ ငွေကျပ် လေးသိန်း လေးဆု၊ ငွေကျပ် နှစ်သိန်း ၁၉ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ဆု၊ ငွေကျပ် ရှစ်သောင်း ၂၄ဆု၊ ငွေကျပ် ငါးသောင်း ၁၇၁၀ဆု၊ ငွေကျပ် လေးသောင်း ၄၇ဆု၊ ငွေကျပ်နှစ်သောင်းဆု ၃၂၃ဆု၊ ငွေကျပ်တစ်သောင်း ၁၇၁၀၀ဆု စုစုပေါင်း ၂၀၁၂၉ဆု ဖြစ်သည်။

ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို စက်တင်ဘာ ၆ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် ဩဂုတ် ၂၀

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးထွန်းရှင်နှင့် ဦးတင်အေးတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု သုံးမှုကို ရုံးထိုင် ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများသင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဟားခါးမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သက်မွေးပညာသင်တန်း အမှတ်စဉ် (၂၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းအောင် တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်နယ်၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၂၀ ခန့်တက်ရောက်ကြသည်။ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၂၇ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ သုံးဦး စုစုပေါင်း ၃၀ တို့ တက်ရောက်အောင်မြင်ကြသည်။

အလားတူ မင်းတပ်၊ မတူပီ၊ ဖလမ်း၊ တီးတိန်အိမ်တွင်းမှုသင်တန်းကျောင်းများ၏ အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက် ၉ နာရီတွင် သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ ကျင်းပသည်။ သင်တန်းတွင် အခြေခံစက်ချုပ်ပညာ၊ လက်မှုပညာ၊အစားအစာပြုလုပ်နည်း ပညာရပ်များအပြင် အအေးပိုင်းဒေသလိုအပ်ချက်အရ အထူးပြုဘာသာရပ်အနေဖြင့် သိုးမွေး စက်ဆွဲပညာရပ်များ သင်ကြားပေးပြီး သင်တန်းသူ ၃၀စီ တက်ရောက်အောင်မြင်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ဖြစ်သည်။

ထို့အတူမှုဆယ်၊လားရှိုး၊ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ လွိုင်ကော်၊ ဘားအံ၊ ရေး၊ မြဝတီ၊ မြိတ်၊ ကော့သောင်း၊ မောင်တောမြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှု သက်မွေးပညာသင်တန်းဆင်းပွဲများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟောပြော

ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေး လက်တွေ့သရုပ်ဖော် ပညာပေးပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က သဃ်န်းကျွန်းမြို့နယ် အမက(၈) ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင် သွေးလွန်တုပ်ကွေးနှင့် အသည်းရောင်အသားဝါရောဂါသိကောင်းစရာဟောပြောစဉ်။ (၀၅၂)

စက်သုံးဆီ ခြိုးခြံ ချွေတာရေး

- ❊ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
- ❊ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂ စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅.၅ သန်း သက်သာမည်။
- ❊ ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

APT လေကြောင်းနှင့် သီရိလင်္ကာလေကြောင်း ပူးပေါင်းဆောင်ရွက်ရေးရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

APT လေကြောင်းနှင့် သီရိလင်္ကာ (Srilankan)လေကြောင်းအရောင်းစင်တာတို့ မြန်မာနိုင်ငံမှ ပြည်ပသို့ ခရီးသွားလာမှုလွယ်ကူစေရန် ပူးပေါင်းဆောင်ရွက်မှု ရှင်းလင်းတင်ပြပွဲအခမ်းအနားကို ဩဂုတ် ၇ရက်တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ တာဝန်ရှိသူတို့က လေကြောင်းလိုင်းများ စီစဉ်ထားမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို သီရိလင်္ကာ(Srilankan)လေကြောင်းလိုင်းမှ တာဝန်ရှိသူတို့က ဖြေကြားကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျေးလက်စာကြည့်တိုက်များထူထောင်ဖို့ ပူးပေါင်းပါဝင်ကူညီစို့

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

၂၀၀၄ခုနှစ် မေလ ၁၁ရက်မှ ၁၂ရက်အထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပခဲ့သည်။ ထိုအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် အလှူရှင်ဒေါက်တာ တင်ထွန်းဦးက စာအုပ် ၂၀၀ ပေးအပ်လှူဒါန်းစဉ်။

“ယနေ့ အချိန်အခါလို မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးနိုင်ရေးတို့အတွက် တစ်မျိုးသားလုံးလက်တွဲပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါကာလဖြစ်သည်နှင့်အညီ အမျိုးသားရေးနိုးကြားမှုဖြင့် အမျိုးသားရေးစွမ်းအားတောင့်တင်းခိုင်မာမှုတို့ ဆက်လက်ဖြစ်ထွန်းနေမှသာ မိမိတို့၏အမျိုးသားရေးမျှော်မှန်းချက်များ ပြည့်မြောက် အောင်မြင်နိုင်မှာဖြစ်ကြောင်း။

“ထို့ပြင် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအကြား မိမိနိုင်ငံ မိမိချစ်ခင်မြတ်နိုးစွာ တည်ဆောက်ကာကွယ်လိုသည့်စိတ်ဓာတ်၊ ပြည်ထောင်စုကြီး မယိုင်မလဲ မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲအောင် စောင့်ရှောက်မြှင့်တင်လိုသည့် စိတ်ဓာတ်စသော စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးလည်း ယနေ့အချိန်အခါကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေးအတွက် မရှိမဖြစ် တည်ဆောက်ဖော်ဆောင်ထားရမည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများပင် ဖြစ်ကြောင်း။

“ထို့ကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် အမျိုးသားစာပေအင်အားကြီး တစ်ရပ်လုံး ယခုကဲ့သို့ စုစည်းညီညွတ်စွာ ရပ်တည်ပြီး တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲ နိုးကြားတက်ကြွနေစေရအောင် စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင် မြှင့်တင်ပေးရေးကို အစဉ်ကြိုးပမ်းကြရမည် ဆိုသည်ကို စာပေပညာရှင်များအားလုံးက ခံယူထားကြရမှာ ဖြစ်ကြောင်း။

“စာပေသည် နိုင်ငံတော်၏အမျိုးသားရေးတည်ဆောက်မှုနယ်ပယ်ကဏ္ဍ အားလုံးကို စွမ်းအားကြီးမားစွာ လွှမ်းခြုံဆက်စပ်လှုံ့ဆော်အားပေးနိုင်သည့် စွမ်းပကားနှင့် ပြည့်စုံသကဲ့သို့ နိုင်ငံ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အပြုသဘောစွမ်းအားမှာလည်း စာပေပင်ဖြစ်သည် ဆိုသည်ကို စာပေလောကသားများအားလုံးက ခံယူကြရမှာဖြစ်ကြောင်း။

“ပြည်ထောင်စုကြီး၏ လူမှုဘဝအဖုံဖုံ ဘက်စုံတိုးတက်ထွန်းကား ခိုင်မြဲရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည်မြင့်မားစေရန်၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်စေရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် အမျိုးသားရေးလက္ခဏာများ မတိမ်ကောမပပျောက်စေရန်၊ တိုင်းရင်းသားပြည်သူအားလုံး အသိဉာဏ်ပညာထက်မြက်ပြီး အတွေးအမြင် ကြည်လင်ပြတ်သားစေရန်နှင့် တိုင်းကျိုးပြည်ပြု အသိပညာရှင်၊ အတတ်ပညာရှင်များ အပါအဝင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရှင်သန်စေရန်တို့ကို စာပေစွမ်းပကားဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်ဟု နိုင်ငံတော်အစိုးရက လက်ခံယုံကြည်ထားပြီးဖြစ်ကြောင်း။

“ထို့ပြင် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ အားလုံး အတွေးအမြင် ဗဟုသုတ ကြွယ်ဝရေး၊ စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့ရေးနှင့် နှလုံးရည်ထက်မြက်ရှင်သန်ရေး တို့မှာလည်း စာပေနှင့် စွမ်းဆောင်နိုင်မှုမှာ အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း” နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၏တန်ဖိုးမဖြတ်နိုင်သည့် စွမ်းအားနှင့်အရေးပါမှုတို့ကို အလေးအမြတ်ပြုပြီး မိမိနိုင်ငံနှင့်မိမိလူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေအဆောက်အအုံကြီးတစ်ရပ် ခိုင်ခိုင်ခံ့ခံ့ဖြစ်ထွန်းနေစေရအောင် အဘက်ဘက်က အားပေးကူညီ စောင့်ရှောက်လျက်ရှိသည်။

မြန်မာစာပေတိုးတက်စည်ပင်ရေးနှင့် အဆင့်အတန်းမြင့်မားရေးတို့အတွက် အဘက်ဘက်က အားပေးကူညီလျက်ရှိသည့်အပြင် စာပေပညာရှင်များ၏ လူမှုဘဝလုံခြုံမြင့်မားစေရေးအတွက်လည်း အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးနေပေသည်။

စာအုပ်စာပေထုတ်ဝေမှုများ တိုးတက်ဖြစ်ထွန်းလာအောင်၊ စာဖတ်ပရိသတ် တိုးတက်ပွားများလာအောင်၊ စာပေရေးသားမှုများ တိုးပွားဖြစ်ထွန်းလာအောင် စာပေဆုချီးမြှင့်မှုများ၊ စာပေပြိုင်ပွဲကျင်းပပေးမှုများ၊ စာနယ်ဇင်းထုတ်ဝေရေး လုပ်ငန်းများ တိုးတက်လာအောင် အားပေးမှုများ၊ စာကြည့်တိုက်များ တိုးချဲ့ထူထောင်ပေးမှုများစသည့် အားပေးထောက်ကူမှုများစွာကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိနေသည်။

စာပေဆုနှင့် စာမူဆုများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်လျက်ရှိရာ အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာမူဆုများ၊ အမျိုးသားရေးဆောင်ပုဒ် အကောင်အထည်ဖော်ရေး စာပေဆုများအပြင် ပုဂ္ဂလိကစာပေဆုများကိုပါ အားပေးလျက်ရှိသဖြင့် စာပေကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး၊ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး အခွင့်အလမ်းများ ပွင့်လန်းလျက် ရှိသည်။

ယင်းကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာပေလောကသားများ လူမှုဘဝ လုံခြုံမြင့်မားစေရေးအတွက် အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း တစ်မျိုးသားလုံးကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများအထိ ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများ ပွင့်လန်းအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရင်း ပြည်သူများအတွေးအခေါ်မှန်ကန်ရေး၊ စိတ်ဓာတ်၊ စည်းကမ်းနှင့်စာရိတ္တမြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားရေးမှအစပြုကာ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဗဟုသုတ လေ့လာလိုက်စားသည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းစေရန် အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် နယ်စပ်နှင့်ကျေးလက်အထိ သတင်းစာများ ရောက်ရှိရေး၊ ကျေးရွာတိုင်းတွင် လက်လှမ်းတမီ စာပေဗဟုသုတလေ့လာနိုင်သည့် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်များချမှတ်ဖော်ဆောင်ပေးနေပေသည်။ ယခုအခါ မြို့နယ်များတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ပေါင်း၄၀၀ကျော်ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် ကျေးရွာ၊ ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး ကူညီအားပေးလျက် ရှိသည်။

၂၀၀၅-၂၀၀၆ခုနှစ်တွင် ကျေးရွာအုပ်စု အားလုံး၌ စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးရေးကို ပြန်ကြားရေးဝန်ကြီးဌာနက ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးကို ၁၇-၈-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆွေးနွေးကာ အမှာစကားပြောကြားခဲ့သည်။

ညှိနှိုင်းအစည်းအဝေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြဝတီစာပေတိုက်၊ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက စာပေတိုက်များ၊ဂျာနယ်တိုက်များ၊ မဂ္ဂဇင်းတိုက်များ၊ စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင်-

“နိုင်ငံတော်က လူမှုရေးဦးတည်ချက် (၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည်လည်း တစ်ချက်အပါအဝင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများကို အဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံး နယ်စပ်ဒေသများပါမကျန် သတင်းအချက်အလက်များ အချိန်မီရောက်ရှိပျံ့နှံ့ရေး၊ ပြန်ကြားရေးနှင့် သတင်းအချက်အလက်များ ပြည်ပသို့ ထိုးဖောက်ရောက်ရှိရေးနှင့် သတင်းအချက်အလက်များသွက်လက်ထက်မြက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

“ထိုသို့ ရည်မှန်းချက်ထားရှိ ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ အုပ်စုအနက် ယခုအချိန်အထိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ပြီး ကျေးရွာအုပ်စု ၄၉၆၂ အုပ်စုဖြစ်၍ ဖွင့်လှစ်ရန် ၈၅၁၆အုပ်စု ကျန်ရှိနေသေးကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးမှု အပါအဝင် စေတနာရှင်များနှင့် ကျေးရွာပြည်သူလူထုတို့ကလည်း ပူးပေါင်းဆောင်ရွက်ပါက အမြန်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း” ဆွေးနွေး ပြောကြားသွားသည်။

ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်သည်နှင့်အမျှ ကျေးလက်ပြည်သူများ စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေး အသိပညာများ တိုးတက်လာ၍ လူနေမှုဘဝအဆင့်အတန်းများ မြင့်မားလာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ပိုမိုဖြစ်ထွန်း အောင်မြင်လာတော့မှာဖြစ်သည်။

ထိုနေ့က ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော စာပေတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များက ကျေးရွာစာကြည့်တိုက်များအား အရှိန်အဟုန်ဖြင့် ပေါ်ထွန်းလာရေးအတွက် စိတ်ပါဝင်စားစွာ အကြံပြု ဆွေးနွေးကြပြီး ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ကြမည့်အကြောင်း အားတက်သရော ပြောကြားခဲ့ကြသည်။ ဆက်လက်၍လည်း စာအုပ်၊ မဂ္ဂဇင်း၊ စာစောင်ပေါင်း ၁၄၁၈၀အုပ် (တန်ဖိုးငွေကျပ် ၅၄၁၁၃၄၀)ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယခုအခါ အစိုးရဌာနဆိုင်ရာ စာပေထုတ်ဝေရေးလုပ်ငန်းများက သတင်းစာ၊ ဂျာနယ်များအပြင် နိုင်ငံတော်မူဝါဒကို ထင်ဟပ်သည့် နိုင်ငံအကျိုးပြု၊ ပြည်သူ့အကျိုးပြု စာအုပ်များ၊ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာစာအုပ်များကို ထုတ်ဝေ ဖြန့်ချိပေးလျက်ရှိသည်။ သတင်းစာများဆိုလျှင် အစွန်အဖျား ဝေးလံသည့် ဒေသများအထိ အချိန်မီအလွယ်တကူရောက်ရှိ ဖတ်ရှုနိုင်အောင် ပြည်နယ်နှင့်တိုင်း မြို့ကြီးရှစ်မြို့၌ ကိုယ်ပွားသတင်းစာများကို နေ့စဉ်တစ်ပြိုင်တည်း ပုံနှိပ်ဖြန့်ချိပေးလျက်ရှိနေပြီ ဖြစ်သည်။

ပုဂ္ဂလိကစာပေထုတ်ဝေရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးစည်ပင်လျက်ရှိရာ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၏စာရင်းဇယားများအရ ၂၀၀၄ခုနှစ် နှစ်ဦးအထိ မြန်မာတစ်နိုင်ငံလုံးတွင် ပုံနှိပ်တိုက်ပေါင်း ၅၀၃၇ခုနှင့် ထုတ်ဝေသူပေါင်း ၇၅၉ဦးရှိပြီး ၂၀၀၃ခုနှစ်အတွင်း စာအုပ်အမျိုးပေါင်း ၉၇၅၉မျိုးထုတ်ဝေဖြန့်ချိနိုင်ခဲ့ကြောင်း သိရသည်။ အပတ်စဉ်၊လစဉ်အချိန်မှန်ထုတ် ဂျာနယ်တစ်ရာကျော်နှင့် မဂ္ဂဇင်းအမျိုးပေါင်း ၁၅၀ကျော်ကိုလည်း အပတ်စဉ်၊ လစဉ် ပုံမှန်ထုတ်ဝေနေကြသည်။

နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ မြန်မာစာပေလောကကြီး ရှင်သန်ဖွံ့ဖြိုးနေသည့် အခြေအနေ အချိန်အခါကောင်းတွင် စာပေပညာရှင်များ၊ စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများ၊ ပုံနှိပ်သူများအားလုံးကလည်း မြန်မာစာပေ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တည်တံ့ခိုင်မြဲစွာ ရှင်သန်ဖွံ့ဖြိုးစေရန်၊ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်စေရန်၊ စာရေးသူ၊ ထုတ်ဝေသူ၊ စာဖတ်သူတို့ မျှတစွာ အကျိုးဖြစ်ထွန်းစေရန်တို့အတွက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင် ပေးနိုင်ရေးတို့အတွက် တစ်မျိုးသားလုံး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသည့် ယခုအချိန်ကာလတွင် ကျေးရွာတိုင်း၌ ပညာဘဏ်တိုက် စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူများ ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် စာအုပ်စာပေများ စဉ်ဆက်မပြတ် ဖတ်ရှုနိုင်ရန် စာပေလောကသားများ အပါအဝင် စေတနာရှင်၊ အလှူရှင်အားလုံးက အားတက်သရော ပူးပေါင်းပါဝင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

✳ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

✳ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာ–ဟောင်ကောင်ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာ–ဟောင်ကောင် (KITCHEE) ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲကျင်းပရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အမှတ်(၂)စစ်ဒေသမှူး တပ်မတော်မှတ်တမ်းရုံး တပ်မှူးဗိုလ်မှူးချုပ်မျိုးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာ–ဟောင်ကောင် (KITCHEE) ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ယှဉ်ပြိုင်ကစားမည်

မြန်မာ–ဟောင်ကောင် (KITCHEE) ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၈ရက်တွင် ညွှန့်ပေါင်းအသင်းနှင့် ဟောင်ကောင်အသင်း၊ ဩဂုတ် ၃၀ရက်တွင် ကာကွယ်ရေးအသင်းနှင့် ဟောင်ကောင်အသင်း၊ စက်တင်ဘာ ၂ရက်တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ဟောင်ကောင်အသင်း၊ စက်တင်ဘာ ၅ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်အသင်းတို့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ညနေ ၄နာရီမှစတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဂိတ်ဝင်ကြေးကို ရိုးရိုးတန်းကျပ် ၅၀၀နှင့် အထူးတန်းကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံ မဟာစည်တရားပွဲ

ရန်ကုန် ဩဂုတ် ၂၀

ဂျပန်နိုင်ငံ တိုကျိုမြို့ ဂေါတမီဝိဟာရတွင် ဩဂုတ် ၂၁ရက်(စနေနေ့)နှင့် ၂၈ရက် (စနေနေ့)တို့၌ ရန်ကုန်မြို့ ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တကဝိဓေ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်က သတိပဋ္ဌာန်ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည်စုံညီအစည်းအဝေးကို ဩဂုတ်၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းလွဲ၁နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆေးပညာရှင်အဖွဲ့၏ လုပ်ငန်းရပ်များဆိုင်ရာ ဆွေးနွေးဟောပြောပွဲအဖြစ် "Symposium on Township Health System" ကို ဆွေးနွေးတင်ပြကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် ဆေးပညာရှင်အဖွဲ့ဝင်များ နံနက်၈နာရီမှ စတင်၍ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲများအတွက် စခန်းသွင်းလေ့ကျင့်ပြင်ဆင်မှုအခြေအနေကို သိရှိနိုင်ရန် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌလည်းဖြစ်၊ နည်းစနစ်ကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ ဦးဉာဏ်ထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

နည်းစနစ်မှန်မှန်လေ့ကျင့်

နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက "မိမိတို့အမှုဆောင်သစ်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမလက်ရွေးစင် အမျိုးသား ၁၅ဦးနှင့် အမျိုးသမီး၁၄ဦးကို စခန်းသွင်း၍ နည်းပြငါးဦး၊ အုပ်ချုပ်သူတစ်ဦးဖြင့် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ တနင်္ဂနွေနေ့ တစ်ရက်သာနားပြီး နေ့စဉ် နံနက်၆နာရီခွဲမှ ၈နာရီခွဲအထိ အမျိုးသမီး ပဏာမလက်ရွေးစင်များကို လေ့ကျင့်ပေးလျက်ရှိကြောင်း၊ နံနက်၈နာရီမှ၁၀နာရီအထိ အမျိုးသား ပဏာမလက်ရွေးစင်များကို လေ့ကျင့်ပေးခဲ့ကြောင်း၊ ဆက်လက်၍ မွန်းလွဲ ၁နာရီခွဲမှ ညနေ၃နာရီခွဲအထိ အမျိုးသမီး ပဏာမလက်ရွေးစင်များကို လေ့ကျင့်စေပြီး ညနေ ၃နာရီမှ ၅နာရီအထိ အမျိုးသားများကိုလေ့ကျင့်စေကြောင်း ပြောကြားသည်။ ထို့အပြင် အားကစားသမားများ ကြံ့ခိုင်မှု အားကောင်းရန် စက်ကိရိယာအကူအညီဖြင့် ပါဝါထရိန်နင်၊ အလေးထရိန်နင်များ ပြုလုပ်ပေးကြောင်း၊ အခါအားလျော်စွာ နည်းပြများဖြင့် နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှုပြုလုပ်ပေးကြောင်း၊ ၂၀၀၄ခုနှစ် စက်တင်ဘာ၂၆ရက်မှ အောက်တိုဘာ ၁ရက်အထိ မလေးရှားနိုင်ငံ ပီနန်မြို့တွင်ကျင်းပမည့် ကမ္ဘာ့အဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဏာမ လက်ရွေးစင် အမျိုးသားအသင်း သွားရောက်ယှဉ်ပြိုင်နိုင်ရန်နှင့် စက်တင်ဘာ ၂၇ရက်မှ အောက်တိုဘာ ၃ရက်အထိ တရုတ်နိုင်ငံ ဝေဟိုင်းမြို့တွင် ကျင်းပမည့် ခုနစ်နိုင်ငံ ဖိတ်ခေါ် Regu ပြိုင်ပွဲတွင် ပဏာမ လက်ရွေးစင် အမျိုးသမီးအသင်းတို့ ပြိုင်ပွဲဝင်နိုင်ရန် နည်းစနစ်မှန်မှန်ဖြင့် လေ့ကျင့်မှုပြင်းပြင်းထန်ထန် ပြုလုပ်လျက်ရှိကြောင်း" စသည်ဖြင့် ပြောကြားသွားသည်။

ကစားချင်အောင်စည်းရုံး

ဆက်လက်၍ ပိုက်ကျော်ခြင်း နည်းစနစ်ကော်မတီ အတွင်းရေးမှူး ဦးမိုးဆန်းအောင်က သရုပ်ပြပြိုင်ပွဲ အကျိုးကျေးဇူးရှိပုံအကြောင်း ပြောကြားရာတွင် "ဇူလိုင်၂၈ရက်မှ ဩဂုတ် ၁ရက်အထိ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း ခေါင်းဆောင်ပြီး အုပ်ချုပ်သူ နည်းပြခြောက်ဦး၊ ပဏာမ မြန်မာ့လက်ရွေးစင်အမျိုးသား၊အမျိုးသမီး၂၉ဦး ပါဝင်သော အဖွဲ့သည် မိတ္ထီလာ၊ တောင်ကြီး၊ တောင်ငူနှင့် ပဲခူးမြို့များတွင် ပိုက်ကျော်ခြင်း သရုပ်ပြခတ်ကစားပြသရာ ဒေသခံ ပိုက်ကျော်ခြင်း ဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ အထူးပင်အားပေးကြကြောင်း၊ ပိုက်ကျော်ခြင်း ကစားနည်းနှင့် စည်းမျဉ်းဥပဒေ၊ ကွင်းအတိုင်းအတာပါသည့် လက်ကမ်းစာစောင်များကို မိမိတို့အဖွဲ့အား လာရောက်အားပေးသည့် ပိုက်ကျော်ခြင်း ဝါသနာရှင်များအား ဝေငှပေးခဲ့ကြောင်း၊ တောင်ကြီးမြို့သရုပ်ပြပွဲမှာ မိမိတို့ဥက္ကဋ္ဌ ဦးချစ်ခိုင်ကိုယ်တိုင် တက်ရောက်အားပေးပြီး ယခုကဲ့သို့ ပိုက်ကျော်ခြင်း၊ ပိုက်နှင့်ခြင်းလုံး၊ လက်ကမ်းစာစောင်များ ဝေငှပေးခြင်းသည် ကျောင်းသားလူငယ်ထုအတွင်း ပိုက်ကျော်ခြင်း ကစားနည်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိတ်ပါဝင်စားပြီး ကစားချင်လာအောင် စည်းရုံးလှုံ့ဆော်ပေးခြင်းဖြစ်သကဲ့သို့ ပြည်နယ်အနှံ့တွင် ပိုက်နှင့်ခြင်းလုံးများရှိအောင် လှူဒါန်းရခြင်းဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် လေ့ကျင့်မှုအပြည့်အဝရှိစေရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အားကစား အတွေ့အကြုံရင့်ကျက်ပြီး သက်လုံကောင်းစေဖို့အတွက် ပြည်တွင်းပြိုင်ပွဲများအနေဖြင့် စက်တင်ဘာ ၃ရက်တွင် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း၌လည်းကောင်း၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲများကိုလည်းကောင်း ကျင်းပရန် စီစဉ်လျက်ရှိပြီး ပိုက်ကျော်ခြင်း ဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။**(မြန်မာ့အလင်း)**

ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းအား အားကစားပစ္စည်းများပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီးအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်းအား တွေ့ဆုံအမှာစကားပြောကြားခြင်းနှင့် အားကစားပစ္စည်းများပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီက အမှတ် ၅၀၊ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်၊ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းခန့်နှင့် မန်နေဂျာများ၊ ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင်ဦးရှိန်းဟော (မန်နေဂျာ)၊ အုပ်ချုပ်သူ ဒေါ်ခင် သန်းနိုင် (ရုံးအုပ်)၊ နည်းပြချုပ် ဦးဝင်းစိန်၊ လက်ထောက်နည်းပြများဖြစ်ကြသည့် ဦးညွန့်သိန်း၊ ဦးခင်မောင်မြင့်နှင့် အားကစားသမားများ တက်ရောက်ကြသည်။

လိုအပ်ချက်

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပို့ဆောင်ရေး အမျိုးသမီး ဘောလုံးအသင်းအား ပံ့ပိုးကူညီသွားမည့် အခြေအနေနှင့် အားကစားသမားများ စိတ်ဓာတ်မြင့်မားစွာ ယှဉ်ပြိုင်သွားရေးနှင့် ပတ်သတ်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ အုပ်ချုပ်သူနှင့် နည်းပြများက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေ၊ အားကစားသမားများ ဖွဲ့စည်းထားရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးကိုယ်စား ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်းအား အားကစားပစ္စည်းများပေးအပ်ရာ နည်းပြချုပ် ဦးဝင်းစိန်နှင့် မြန်မာ့လက်ရွေးစင် ဂိုးသမားဟောင်း ဝါဝါမိုးတို့က လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်ဗီယက်နမ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၄ခုနှစ် အယ်လ်ဂျီဖလား (LG Cup)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့၌စတင်ကျင်းပရာ ဗီယက်နမ်အသင်းက မြန်မာအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗီယက်နမ်အသင်း ရရှိသော ပထမဂိုးကို ပထမပိုင်း ၃၂မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူသည်။ ပွဲချိန် ၃၇မိနစ်တွင် မြန်မာအသင်းမှ အလယ်တန်းလူ စန်းမောင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ပွဲပြီးသည်အထိ ၁၀ဦးတည်းဖြင့် ကစားခဲ့ရသည်။

ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက သုံးဂိုးထပ်မံသွင်းခဲ့ရာ ပဉ္စမဂိုးကို ပွဲပြီးရန်စက္ကန့်ပိုင်းအလို၌ သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် သေချာပေါက်ဂိုးရနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း အဆုံးသတ်မသေချာ၍ ဂိုးမရခဲ့ချေ။ မြန်မာအသင်းသည် ဩဂုတ် ၂၂ရက်တွင် ဒုတိယပွဲစဉ်အဖြစ် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းတွင် **(ဂိုး)**အောင်အောင်ဦး၊ **(နောက်တန်း)**စိုးမြတ်မင်း၊ မိုးကျော်သူ၊ မင်းသူ၊ စိုးလင်းထွန်း၊ **(အလယ်တန်း)**အောင်ကျော်မိုး (မျိုးမင်းထွန်း)၊ ဇော်ဇော်၊ စန်းမောင်၊ မာလ (ဘိုဘိုအောင်)၊ **(ရှေ့တန်း)** ရန်ပိုင် (ဝင်းမင်းထွင်)နှင့် ထွန်းမင်းဦးတို့ပါဝင်ကစားခဲ့ကြသည်။

(မြန်မာ့အလင်း)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

မြန်မာနိုင်ငံအောက်ပိုင်း နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၂၀

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက မန္တလေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့ကာ ဧရာဝတီတိုင်း၌ ဒေသအလိုက်နှင့် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေကြောင်းသိရသည်။

ဩဂုတ် ၂၁ရက်ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့်မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀နှုန်း တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ကျင်းပမည့် လူငယ်ဟော်ကီပြိုင်ပွဲ မြန်မာအသင်းအောင်နိုင်ရေး ကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲအတွက် အောင်နိုင်ရေးကော်မတီ အစည်းအဝေးကို ဩဂုတ် ၁၈ ရက်က Smart Technical Co., ရုံးချုပ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူးဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသောဦးကျော်နိုင်၊ ဦးကျော်ကျော်လှိုင်နှင့် ဦးမောင်မောင် (ရွှေကမ္ဘာ)၊ အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ကြီးအောင်ကြည်ဝင်း၊ အမှုဆောင်များနှင့် အောင်နိုင်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းက မြန်မာ လူငယ်လက်ရွေးစင် ဟော်ကီအသင်းအတွက် လူငယ်လက်ရွေးစင်များ အပြီးသတ် ရွေးချယ် လေ့ကျင့်ရေးနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲတွင် အောင်ပွဲဆင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပါဝင်ယှဉ်ပြိုင်မည်

ယင်းဟော်ကီပြိုင်ပွဲတွင် ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ စင်ကာပူ၊ အိုမန်၊ အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အငယ်တန်းစနူကာပြိုင်ပွဲ ခွန်ဇော်ထွေးနှင့်သန်းငွေးတို့ဗိုလ်လုပွဲဆင်နွှဲမည်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံကုမ္ပဏီက ပံ့ပိုးကျင်းပသည့် Rave Myanmar Snooker (Senior & Junior) Championship 2004 ပြိုင်ပွဲ စနူကာအငယ်တန်း အကြိုဗိုလ်လုပွဲကို ယနေ့နံနက် ၁၀ နာရီက ၃၈ လမ်းရှိ အာရှပလာဇာတွင် ကျင်းပရာ ရှမ်းပြည်နယ်မှ ခွန်ဇော်ထွေးက ရန်ကုန်မှ စိုင်းထွေးကို နှစ်ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ မွန်ပြည်နယ်မှ သန်းငွေးက ရှမ်းပြည်နယ်မှ ကျော်မိုးကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲဆင်နွှဲကြမည်ဖြစ်သည်။

ဗိုလ်လုပွဲဆင်နွှဲကြမည့် ခွန်ဇော်ထွေးနှင့် သန်းငွေးတို့သည် ဒုတိယအဆင့်အုပ်စုတွင်းပြိုင်ပွဲတွင် Game Cityတွင်ဆုံတွေ့ခဲ့ရာ ခွန်ဇော်ထွေးက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိထားသည်။

ယနေ့နံနက် ၁၀ နာရီတွင် တတိယလုပွဲအဖြစ် Game Cityတွင် ကျော်မိုး(ရှမ်း)နှင့် စိုင်းထွေး (ရန်ကုန်) တို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဩဂုတ် ၂၂ ရက်တွင် ရှမ်းတိုင်းရင်းသားလေး ခွန်ဇော်ထွေးနှင့် မွန်တိုင်းရင်းသားလေး သန်းငွေးတို့ ဗိုလ်လုပွဲကိုဆင်နွှဲကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံပိုင်ရိုလာဂျုံစက် ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၈၀၇)ရှိ နိုင်ငံပိုင် ရိုလာဂျုံစက်ကို ဈေးပြိုင်စနစ်ဖြင့်အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။ ဝယ်ယူလိုသူပုဂ္ဂိုလ်အဖွဲ့အစည်းများသည် စက်တင်ဘာ ၂၀ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီး သတ်မှတ်ထားသော အဆိုပြုလွှာကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ တင်သွင်းရန် ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားတင်ပြရမည်။အမွေဆိုင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာမူရင်း အပြည့်အစုံတင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံး ပေးဝယ်မည့် တိုင်းရင်းသားများအား ဦးစားပေးရောင်းချမည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော အဆိုပြုပုံစံတွင် ဖြည့်စွက်၍ လျှောက်ထားရန် ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ် ၃၁၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့) ဖုန်း-၂၄၅၅၀၆၊၂၄၅၅၁၆၊ ၂၄၅၅၃၇တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

နိုင်ငံပိုင် ရိုလာဂျုံစက်ကို ရောင်းချမည့်ကြမ်းခင်းဈေးမှာ ကျပ်သန်း ၄၀၈ ဒသမ ၉၀၅ သန်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား

၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်နိုင်ရေး နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား

အင်္ဂလန် ဩဂုတ် ၁၉

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်နိုင်ရေးအတွက် နိုင်ငံတကာဘောလုံးခြေစမ်းပွဲများကို သက်ဆိုင်ရာနိုင်ငံများတွင် ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။

အင်္ဂလန်နှင့် ဩစတြီးယားယှဉ်ပြိုင်မည်

အင်္ဂလန်အသင်းနှင့် ယူကရိန်းအသင်းတို့ပွဲတွင် အင်္ဂလန်အသင်းက ယူကရိန်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ အင်္ဂလန်အသင်းသည် စက်တင်ဘာ ၄ ရက်တွင် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ဩစတြီးယားအသင်းနှင့် ဗီယင်နာမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြင်သစ်အသင်းနှင့် ဘောစနီးယား အသင်းတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားခဲ့သည်။ ပြင်သစ်အသင်းသည်၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲအတွက်



အာဂျင်တီးနားအသင်းနှင့် ဂျပန်ဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို ဂျပန်နိုင်ငံ၌ ကျင်းပရာ အာဂျင်တီးနားမှ ဂျူယန်ရိုမန်ရီကွဲမီ(ယာ)နှင့် ဂျပန်အသင်းမှ တာကာယူတီစူဆူကီးတို့ ဘောလုံးယှဉ်လုစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနှင့် စက်တင်ဘာ ၄ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ၎င်းတို့အုပ်စု(၄)တွင် အိုင်ယာလန်၊ ဆွစ်ဇာလန်၊ ဆိုက်ပရပ်စ်နှင့် ဖာရိုကျွန်းတို့ ပါဝင်မည်ဖြစ်သည်။

ဘောစနီးယားအသင်းသည် ဘယ်လ်ဂျီယံ၊ ဆားဘီးယား၊ လစ်သူယေးနီးယား၊ဆန်မာရီနိုနှင့် စပိန်တို့ပါဝင်သည့် အုပ်စု (၇)တွင် ပါဝင်သည်။

ချက်အသင်းနှင့် ဂရိအသင်းတို့သည် ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ပရာဟာမြို့၌ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။

ခြေစစ်ပွဲများစတင်

ချက်အသင်းနှင့် နယ်သာလန် အသင်းတို့သည် အာမေနီးယား၊ မက်ဆီဒိုးနီးယား၊ ရိုမေးနီးယား၊ ဖင်လန်တို့နှင့်အတူ အုပ်စု(၁)တွင် ပါဝင်ကာခြေစစ်ပွဲများ စတင်ကစားလျက် ရှိသည်။ အာဂျင်တီးနားအသင်း နှင့် ဂျပန်အသင်းတို့ ခြေစမ်းပွဲတွင် အာဂျင်တီးနားအသင်းက ဂျပန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဂျာမနီနိုင်

ဂျာမနီအသင်းနှင့် ဩစတြီးယားအသင်းတို့ ခြေစမ်းပွဲတွင် ဂျာမနီက ဩစတြီးယားကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တူရကီအသင်းနှင့် ဘီလာရုစ်အသင်းတို့ပွဲတွင် ဘီလာရုစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ တူရကီအသင်းသည် ဒိန်းမတ်၊ ဂရိ၊ ယူကရိန်း၊ ဂျော်ဂျီယာ၊ အယ်လ်ဘေးနီးယားနှင့် ကာဇက်စတန်တို့နှင့်အတူ ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည် ဖြစ်သည်။

ထို့အတူ ဘီလာရုစ်အသင်းသည်လည်း အီတလီ၊ ဆလိုဗေးနီးယား၊ စကော့တလန်၊ နော်ဝေနှင့် မိုဒိုဗာ အသင်းများနှင့် ခြေစစ်ပွဲများကစားမည် ဖြစ်သည်။

စပိန်အသင်းနှင့် ဗင်နီဇွဲလားအသင်းတို့၏ ၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီ အကြိုချစ်ကြည်ရေးခြေစမ်းကြရာတွင် စပိန်အသင်းကသုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ရုရှားနိုင်

ရုရှားအသင်းနှင့် လစ်သူယေးနီးယားအသင်းတို့ ခြေစမ်းပွဲတွင် ရုရှားက လစ်သူယေးနီးယားကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘူလ်ဂေးရီးယားအသင်းနှင့် အိုင်ယာလန်အသင်းတို့ ခြေစမ်းပွဲတွင် တစ်ဖက်တစ်ဂိုးစီသရေဖြစ်ခဲ့သည်။ ဘူလ်ဂေးရီးယားအသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အိုက်စလန်အသင်းနှင့် စက်တင်ဘာ ၄ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သကဲ့သို့ အိုင်ယာလန်အသင်းသည် ဆိုက်ပရပ်အသင်းနှင့် ခြေစစ်ပွဲကစားကြမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်ရေကူးရွှေတံဆိပ်ဆွတ်ခူး တရုတ်အားကစားအဖွဲ့ ဆုအများဆုံးရရှိထား

အေသင် ဩဂုတ် ၂၀

ဂျပန်နိုင်ငံမှ ရေကူးသမားကိုဆူကီကီတာဂျီးမားသည် ဗုဒ္ဓဟူးနေ့က အေသင်၌ သူ၏ဒုတိယမြောက် အိုလံပစ်ရွှေတံဆိပ်ကို ရရှိသွားသည်။

ကီတာဂျီးမား(၂၁)နှစ်သည် အမျိုးသားမီတာ ၂၀၀ ရေကူး(ဖားကူး)တွင် ဒုတိယမြောက်ရွှေတံဆိပ်ရရှိခြင်း ဖြစ်သည်။ ၎င်းဆုရလိုက်သဖြင့် ဂျပန်နိုင်ငံအတွက် ရှစ်ခုမြောက် ရွှေတံဆိပ်ဆုရရှိခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အေသင်အိုလံပစ်တွင် ပါဝင်ယှဉ်ပြိုင်ကစားရာတွင် ဩဂုတ် ၁၉ရက်အထိ ရွှေ ၁၁၊ ငွေခုနစ်၊ ကြေးတံဆိပ် လေးဆုရရှိထားကာ ဆုတံဆိပ်ရရှိမှု ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ **ရိုက်တာ။**

ထွေ/အုပ်ဦးစီး စာရေးဝန်ထမ်းသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ်စဉ် (၄/၂၀၀၄) ဆင်းပွဲကို ဩဂုတ် ၁၃ ရက်က အထက(၃)အလုံ၌ ကျင်းပရာ အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးဝင်းကြည်က အမှာစကား ပြောကြားသည်။

သင်တန်းတွင် ထူးချွန်ပထမဆုရရှိသော ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနခွဲစာရေးကြီး ဦးမောင်မောင်အေးအား ရုံးချုပ်ညွှန်ကြားရေးမှူးဦးဝင်းကြည်က ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။ **(ဝဲပုံ)** **(က-ပ)**

မာလီနှင့်အီတလီ၊ အီရတ်နှင့်သြစတြေးလျ၊ အာဂျင်တီးနားနှင့်ကော်စတာရီကာ ပါရာဂွေးနှင့်တောင်ကိုရီးယားတို့ ကွာတားဖိုင်နယ်ပွဲစဉ်များ ယနေ့ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ



ရန်ကုန် သြဂုတ် ၂၀

အေသင်အိုလံပစ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မာလီနှင့်အီတလီ၊ အီရတ်နှင့်သြစတြေးလျ၊ အာဂျင်တီးနားနှင့် ကော်စတာရီကာ၊ ပါရာဂွေးနှင့် တောင်ကိုရီးယားတို့ သြဂုတ် ၂၁ရက်**(ယနေ့)** တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

စိတ်လှုပ်ရှားဖွယ်

အေသင်အိုလံပစ်ပြိုင်ပွဲမစတင်မီ ချန်ပီယံအဖြစ်ရေပန်းစားခဲ့သော ပေါ်တူဂီ၊ မက္ကဆီကိုနှင့်ဂရိတို့ အုပ်စုမှပင် ထွက်ခဲ့ရပြီဖြစ်သလို ဗိုလ်စွဲမည်ဟု ရေပန်းစားခဲ့သည့် အာဂျင်တီးနား၊ အီတလီတို့ နာမည်ကြီးသလိုပင် ကွာတားတက်ခဲ့ရာ ဘောလုံးပြိုင်ပွဲမှာ စိတ်လှုပ်ရှားဖွယ်ရာဖြစ်လျက်ရှိသည်။

အေသင်အိုလံပစ် အားကစားပွဲတော်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမပွဲစဉ်အဖြစ် မာလီနှင့်အီတလီအသင်းတို့ ဂရိနိုင်ငံအေသင်မြို့ရှိ ကာရစ်ကာကီ အားကစားကွင်း၌ ယနေ့ ဒေသစံတော်ချိန် ၁၈း၀၀နာရီတွင် ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။

မာလီအသင်းသည် အုပ်စု(က)၌ အုပ်စုပွဲသုံးပွဲကစားခဲ့ရာတွင် နှစ်ပွဲသရေ၊ တစ်ပွဲနိုင်ငါးမှတ်ဖြင့် အုပ်စု(က) အုပ်စုပထမရပြီး ကွာတားတက်လာသော အသင်းဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် အောင်မြင်မှုအစဉ်အလာမရှိခဲ့သော အသင်းဖြစ်ပြီး လက်ရှိ အုပ်စုပွဲစဉ်များ ကစားရာတွင်လည်း ခြေစွမ်းထက်မြက်သော အသင်းမဟုတ်ပေ။

ကျော်လွှားရန်မလွယ်

သို့သော် အေသင်အိုလံပစ်ခြေစစ်ပွဲများကစားခဲ့ရာတွင် အိုလံပစ်လက်ရှိချန်ပီယံ ကင်မရွန်းကို အနိုင်ကစားပြီး ခြေစစ်ပွဲအောင်ကာ ခြေစွမ်းပြလာခဲ့သော အသင်းဖြစ်သည်။ အေသင်အိုလံပစ်ဝင်မာလီအသင်း၏ အားသာချက်မှာ နောက်တန်းဖြစ်ရာ မာလီခံစစ်မှူးများဖြစ်သည့် တမ်ဘိုယူရာ၊ ဒိုင်ရာလို၊ ထရာအိုရီနှင့် ဒိုင်ရာကီတီတို့တစ်ဖက်တိုက်စစ်မှူးများကို ကောင်းကောင်းဟန့်တားနိုင်ကြသည်ဖြစ်ရာ အီတလီတိုက်စစ်မှူးများ ကျော်လွှားနိုင်ရန်မလွယ်ချေ။ မာလီအသင်းကွာတားအဆင့်သို့ ပထမဆုံးအကြိမ်တက်ရောက်နိုင်ခြင်းဖြစ်ရာ လက်ရှိခြေစွမ်းအနေအထားအရ အီတလီတို့ကို အနိုင်ရရှိရန် ခက်ခက်ခဲခဲကြိုးစားကစားရမည်ဖြစ်သည်။

ဗိုလ်စွဲနိုင်

အီတလီအသင်းသည် အေသင်အိုလံပစ်ပြိုင်ပွဲမစတင်မီကပင် ဗိုလ်စွဲမည်ဟုရေပန်းစားလာခဲ့သော အသင်းဖြစ်ပြီး အုပ်စုပွဲများကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စု(ခ)အုပ်စုဒုတိယဖြင့် ကွာတားတက်လာခဲ့သော အသင်းဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် (၁၂)ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၃၆ခုနှစ် ဘာလင်အိုလံပစ်၌ ပထမ ဦးဆုံးအကြိမ်ဗိုလ်စွဲနိုင်ခဲ့သည့်အစဉ်အလာရှိသည်။

အီတလီအရေးသာ

သို့သော် လက်ရှိအီတလီအသင်းခြေစွမ်းမှာအားရဖွယ်မရှိရာ အထူးသဖြင့် အီတလီခံစစ်ကြောင်း မကောင်းပေ။ အီတလီနောက်တန်းပေါက်ထွက်မှုကြောင့် အုပ်စုသုံးပွဲကစားရာတွင် ငါးဂိုးအသွင်းခံထားရသည်က ဖော်ပြနေသည်။ အီတလီတို့အားသာချက်မှာ ကွင်းလယ်ကစားကွက်ပင်ဖြစ်သည်။ အီတလီကွင်းလယ်ကစားသမားများဖြစ်သည့် ဒီရိုးဆစ်၊ ပင်န်ဇီ၊ ပါလုမ်ဘိုနှင့် ပီယာလိုအင်ဒရီရာတို့က တိုက်စစ်ရော ခံစစ်ပါလိုက်ပါကစားနိုင်ရာ ယခုပွဲတွင် အီတလီတို့အရေးသာလျက်ရှိသည်။

ကွာတားဖိုင်နယ် ဒုတိယပွဲစဉ် အီရတ်နှင့် သြစတြေးလျတို့ မာရတ်ရီရိုမြို့ရှိ ပင်ကီတိုအားကစားကွင်း၌ သြဂုတ် ၂၁ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားရတော့မည်။

အီရတ်အသင်းသည် အုပ်စု(ဃ) တွင် အုပ်စုပွဲများကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စု(ဃ)အုပ်စုပထမရရှိပြီး ကွာတားတက်လာခဲ့သောအသင်းဖြစ်သည်။ ယခုနှစ်အိုလံပစ်ပြိုင်ပွဲဝင် အီရတ်ခြေစွမ်းမှာ အံ့သြဖွယ်ကောင်းအောင်ထက်မြက်လျက်ရှိရာ အီရတ်တိုက်စစ်မှူးများ၏ စွမ်းရည်လည်း မြင့်မားလျက်ရှိနေသည်။

အာဂျင်တီးနား

အာဂျင်တီးနားနှင့် ကော်စတာရီကာတို့ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပါထရာစ်မြို့ ပန်ပီလိုပွန်နီဆီရာကိုကွင်း၌ သြဂုတ် ၂၁ရက်**(ယနေ့)**တွင် ယှဉ်ပြိုင် ကစားရမည်ဖြစ်ရာ နာမည်ကြီး အာဂျင်တီးနားသည် အုပ်စုပွဲသုံးပွဲကစားခဲ့ရာတွင် သုံးပွဲစလုံး အနိုင်ရရှိကာ အုပ်စု(ဂ) အုပ်စုပထမဖြင့် ကွာတားတက်လာခဲ့သောအသင်းဖြစ်ပြီး ကွာတားတက်လာခဲ့သော အသင်းရှစ်သင်းတွင် အုပ်စုပွဲသုံးပွဲစလုံး အနိုင်ရရှိခဲ့သည့်တစ်ခုတည်းသော အသင်းလည်းဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ယခုနှစ် အိုလံပစ်ပြိုင်ပွဲသို့ လူငယ်ခြေတက်များဖြင့် ဖွဲ့စည်းပြီး ခရီးနှင်လာခြင်းဖြစ်ပြီး ဆာဗီယိုလာ၊ အယာလာ၊ ဝွန်ဇာလက်နှင့် ဟိန့်ဇ်တို့ အုပ်စုပွဲများကစားရာတွင် ခြေပေါ်အောင် ကစားနိုင်ပြီး ခြေစွမ်းလည်း ပြနိုင်ကြသည်။

သက်သေပြ

အာဂျင်တီးနားတို့၏ တိုက်စစ်အားကောင်းသလိုပင် ကွင်းလယ်ကစားကွက်လည်း စိုးမိုးကစားနိုင်ပြီး နောက်တန်းခံစစ်ကြောင်းလည်း တောင့်တင်းသော အသင်းဖြစ်သည်။ အာဂျင်တီးနားတို့ အုပ်စုပွဲ သုံးပွဲတွင် ကိုးဂိုးသွင်းထားနိုင်ရာ တိုက်စစ်မှူးများ၏ ခြေစွမ်းကို လျှော့တွက်၍ မရပေ။ အာဂျင်တီးနား နောက်တန်းမှ ကိုလိုစီနီ၊ ဟိန့်ဇ်နှင့် အယာလာတို့က ခံစစ်လုံအောင် ကစားနိုင်ကြသည့်အပြင် ဂိုးသမား လပ်ဂါမင်ကလည်း လက်စွမ်းပြကာကွယ်နိုင်မှု အထူးကောင်းမွန်လျက်ရှိရာ သုံးပွဲကစားပြီးချိန်ထိ

အိုလံပစ်ဘောလုံးပြိုင်ပွဲ အီရတ်နှင့် မော်ရိုကိုတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မော်ရိုကိုမှ ကူရာဟူအဇစ်ဒင်(အကျီနက်) ထိုးဖောက်ကစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တစ်ဂိုးမျှ အသွင်းမခံခဲ့ဘဲ ကွာတားတက်လာခြင်းက သက်သေပြနေသည်။

အိုလံပစ်သမိုင်းတွင် အာဂျင်တီးနားတို့ ခြောက်ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၂၈ ခုနှစ် အမ်စတာဒမ်အိုလံပစ်၌ ဒုတိယရရှိခဲ့ဖူးသည့် သမိုင်းမှတ်တမ်းရှိနေရာ ယခုနှစ်အေသင်အိုလံပစ်၌ ချန်ပီယံအဖြစ်ချိန်ရွယ်နေသော အသင်းဖြစ်သဖြင့် ကော်စတာရီကာကို အနိုင်ကစားမည်ဖြစ်သည်။

ကော်စတာရီကာအသင်းသည် အုပ်စု(ဃ)တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စု(ဃ)အုပ်စု ဒုတိယဖြင့် ကွာတားတက်လာသော အသင်းဖြစ်သည်။ ကော်စတာရီကာအသင်း အုပ်စုပွဲ သုံးပွဲကစားခဲ့သော ခြေစွမ်းမှာ အားရဖွယ်ရာမရှိပေ။ အုပ်စုပွဲများ ကစားခဲ့စဉ်က ပေါ်တူဂီအသင်းကို လေးဂိုးသွင်းနိုင်ခဲ့သည်မှလွဲပြီး ကျန်ပွဲများ ဂိုးမသွင်းနိုင်ခဲ့ချေ။

အိုလံပစ်ခရီးပြီးဆုံးမည်

ကော်စတာရီကာတို့ အိုလံပစ်သမိုင်းတွင်လည်း တန်းဝင်သော အနေအထားမရှိခဲ့ရာ လက်ရှိအနေအထားအရ အာဂျင်တီးနားကို ဂိုးပြတ်မရှုံးနိုင်အောင်သာ ကာကွယ်ကစားရမည့် အခြေအနေရှိနေပြီး ကွာတားအဆင့်မှာပင် အိုလံပစ်ခရီးပြီးဆုံးသွားမည်ဖြစ်သည်။

ပါရာဂွေးနှင့် တောင်ကိုရီးယားတို့ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ဂရိနိုင်ငံ သက်ဆာလိုနီကီ အားကစားကွင်း၌ သြဂုတ် ၂၁ရက် **(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဂိုးသွင်းနိုင်

ပါရာဂွေးအသင်းသည် အုပ်စု(ခ) တွင် အုပ်စုပွဲများ ကစားခဲ့ရာ၌ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမရပြီး ကွာတားတက်လာခဲ့သော အသင်းဖြစ်သည်။ လက်ရှိအိုလံပစ်ပြိုင်ပွဲဝင် ပါရာဂွေး ခြေစွမ်းမှာ ထက်မြက်လှသည်ဖြစ်ရာ တိုက်စစ်မှူးများဖြစ်ကြသည့် ကာဒိုဇို၊ ဘာရီရို၊ ဂီမီနက်ဇ်၊ အင်စီကိုတို့က တစ်ဖက်အသင်း နောက်တန်းကို အချိန်ပြည့်ခြိမ်းခြောက်နိုင်သူများဖြစ်ပြီး အခွင့်အရေး ရသည်နှင့် ဂိုးသွင်းနိုင်ကြသူများဖြစ်သည်။

ဆီမီးတက်ရန်ကြိုးစားမည်

ပါရာဂွေးအသင်း အလယ်တန်းနှင့် ရှေ့တန်း ကစားအားကောင်းသော်လည်း နောက်တန်းခံစစ်မှူးများ အားနည်းလျက်ရှိရာ တစ်ဖက်အသင်း၏ အုပ်စုဖွဲ့ ထိုးဖောက်ကစားခံရချိန်တွင် အမှားအယွင်းများ ပြုလုပ်တတ်သည့် အနေအထားရှိ၍ တောင်ကိုရီးယားတိုက်စစ်မှူးများ ယင်းအမှားကို အသုံးချ သွားနိုင်မည်။ ပါရာဂွေးတို့ အိုလံပစ်သမိုင်းတွင် တစ်ကြိမ်သာဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ယင်းတစ်ကြိမ်ဖြစ်သည့် ၁၉၉၂ ခုနှစ် ဘာစီလိုနာအိုလံပစ်၌ ကွာတားအထိရောက်ရှိခဲ့သော မှတ်တမ်းရှိနေရာ တောင်ကိုရီးယားကို အနိုင်ကစားကာ ဆီမီးတက်ရန် ကြိုးစားမည်ဖြစ်သည်။

တောင်ကိုရီးယားအသင်းသည် အာရှကိုယ်စားပြု နှစ်သင်းအနက် တစ်သင်းအဖြစ် ကွာတားသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ တောင်ကိုရီးယား အုပ်စုပွဲများ သုံးပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ဂိုးသွင်းနိုင်ခဲ့ပြီး ခြေစွမ်းလည်း ပြနိုင်ခဲ့သည်။

ခံစစ်မခိုင်မာ

တောင်ကိုရီးယား တိုက်စစ်မှူးများဖြစ်သည့် ချိုဂျေကျင်း၊ ကင်ချောင်ဟိုနှင့် ကင်ဒေါင်ကျင်တို့ တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ကစားနိုင်ကာ ဂိုးလည်းသွင်းနိုင်ကြသည်။ တောင်ကိုရီးယားတို့အားနည်းသည်မှာ ခံစစ်ကြောင်း မခိုင်မာမှုပင် ဖြစ်သည်။

တောင်ကိုရီးယားခံစစ်မှူးများ အချင်းချင်း နားလည်မှုလွဲတတ်သည့် ဖြစ်ရပ်များ ပေါ်ပေါက်နေတတ်ရာ လျင်မြန်သော ပါရာဂွေးတိုက်စစ်မှူးများကို ဟန့်တားရာတွင် အခက်တွေ့နိုင်ပြီး ဂိုးပေးလိုက်ရသည်အထိ ဖြစ်သွားနိုင်သဖြင့် သတိထားကစားကာမှ တော်ကာကျမည်ဖြစ်သည်။

ပါရာဂွေးကိုနိုင်ရန်မလွယ်

တောင်ကိုရီးယားတို့ အိုလံပစ်သမိုင်းတွင် ငါးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည့် အတွေ့အကြုံရှိနေသော်လည်း လက်ရှိအနေအထားအရ ပါရာဂွေးအသင်းကို အနိုင်ရရှိရန် ခက်ခက်ခဲခဲကြိုးစားမှ ရရှိနိုင်မည်ဖြစ်သည်။ သို့သော် တောင်အမေရိကက ခြေစွာပါရာဂွေးကို အနိုင်ရရှိရန် မလွယ်ပေ။

အေသင်အိုလံပစ်ပွဲတော်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများ ယနေ့ကစားပြီဖြစ်ရာ အကြိုဗိုလ်လုပွဲ တက်ရောက်လာမည့် အသင်းများကို မကြာမီ သိရှိရပေတော့မည်။ ။

(မြန်မာ့အလင်း)

ရွှေပြည်သာခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် သြဂုတ် ၂၀

ရွှေပြည်သာမြို့ အုတ်ဖိုရပ်ကွက် မြသိန်းတန်ကျောင်း ဓမ္မရိပ်သာတွင် (၅၆)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီးဝိပဿနာခုနစ်ရက်တရားစခန်းကို သြဂုတ် ၂၃ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်၍ မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီးဦးသန်းနှင့် ဆရာဦးသန်းထွန်း(ကျိုက်လတ်)တို့ ပို့ချမည်ဖြစ်သည်။ စခန်းဝင်မည့် ယောဂီများသည် ဖုန်း-၆၁၀၈၇၉၊ ၆၁၀၈၉၃နှင့် ၆၁၀၇၁၃တို့သို့ ဆက်သွယ်နိုင်၍ စခန်းဖွင့်မည့်နေ့ နံနက် ၇နာရီအရောက် မှတ်ပုံတင်ကတ်ယူဆောင်၍ ဗဟန်းမြို့နယ်မင်္ဂလာဇျုံဟာအသင်းချုပ် သို့လာရောက်ကြရန်ဖြစ်သည်။ မော်တော်ယာဉ်ဖြင့်အခမဲ့ ပို့ဆောင်ပေးမည်ဟုသိရသည်။**(က-ပ)**

ကြံခင်းရေဝန်းဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် သြဂုတ် ၂၀

ဧရာဝတီတိုင်း ကြံခင်းမြို့ ရေဝန်းကျောင်းအတွင်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၈၀)ဓမ္မာရုံတွင် ဝါတွင်းသုံးလဥပုသ်သီတင်းနေ့တိုင်းရေဝန်းကျောင်းတိုက်ပဓာနနာယကဘဒ္ဒန္တ စိန္တိတ(သာသနဓဇဓမ္မာစရိယ)ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ မည်သူမဆိုတရားလာရောက်နာယူနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် သြဂုတ် ၂၀

၂၀၀၄ ခုနှစ် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)အားကစားကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းနှင့် တာမွေမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တာမွေမြို့နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးခင်မောင်ဝင်းက ဒုတိယရရှိသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းအား တစ်ဦးချင်းဆုများကိုလည်းကောင်း၊ အရှေ့ပိုင်းခရိုင် အတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်အေးက ပထမရရှိသော တာမွေမြို့နယ်အသင်းအား တစ်ဦးချင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးအောင်မော်သိန်းက အကောင်းဆုံးဂိုးသမားဆုရ ညီညီလွင်(မြောက်ဥက္ကလာပ)၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးချို က အကောင်းဆုံး နောက်တန်းဆုရ အောင်ကျော်မင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးခင်မောင်မြင့်က အကောင်းဆုံးအလယ်တန်းဆုရ သက်နိုင်ဝင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရှေ့ပိုင်းခရိုင်ဦးစီးအရာရှိ ဦးညွန့်လှိုင်က ရှေ့တန်းအကောင်းဆုံးဆုရ သန့်ဇော်(တာမွေ)နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအောင်က အကောင်းဆုံးဘောလုံးသမားဆုရ ကောင်းဇော်ဦး(တာမွေ)တို့အား ဆုတံဆိပ်နှင့် ငွေကျပ် ၅၀၀၀ စီ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းအားကစားမှူး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးလှဝင်းက ဒုတိယဆုရရှိသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းအား ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် အောင်တံခွန်သယ်ယူပို့ဆောင်ရေးပိုင်ရှင် ဦးခင်မောင်လတ်က ပထမရရှိသော တာမွေမြို့နယ်အသင်းအား ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပထမဆုရရှိသော တာမွေမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

မိုးကုတ်ဆရာတော်ဘုရားကြီး

MP3 MP3

အက်ကိုး

ဘေးမဲ့လွှတ်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံ ဇီဝဌာယီအဖွဲ့၏ ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့) အထိမ်းအမှတ် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ပွဲကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီတွင် အမှတ် ၉ ကြားတောရလမ်း ဇီဝဌာယီဓမ္မာရုံ ဗဟန်းတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် နာယက ဒေါ်ခင်ခင်ဝင်းဖုန်း-၅၃၄၈၆၇၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးစိုးသိမ်း ဖုန်း-၃၈၀၈၆၅နှင့်ရုံးအဖွဲ့မှူးဦးမောင်ကို ဖုန်း-၃၈၀၈၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကြိုဆိုဂုဏ်ပြုခြင်း

သမဝါယမဘဏ်လီမိတက် C B Bank သည် အများနှင့် သက်ဆိုင်သောဘဏ် (Public Bank) အဖြစ် (၁၅-၆-၂၀၀၄)ရက်နေ့မှ အစပြု၍ ခိုင်မာစွာ ရပ်တည်လျက် အများပြည်သူအတွက် ငွေကြေးဝန်ဆောင်မှုကို အပြည့်အဝ ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ပိုမိုတိုးတက် အောင်မြင်ပါစေဟု ဆုမွန်ကောင်းဖြင့် လိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း.......

စီးပွားရေးလုပ်ငန်းရှင်များ၊
တောင်ငူမြို့။

စူပါသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

ရှင်ဖုန်းပြောတဲ့ လူငယ်တစ်ယောက်ရဲ့ ခံစားချက်၊ ရတနာပုံနဲ့ အေဂျင်စီ စာချုပ်ပြဿနာ၊ ဂျင်ဆန်းမီရဲ့ အိမ်ထောင်ရေး အခြေအနေ၊ မာရဇ္ဇနှင့်သူ့ဘဝ၊ သူ့အတွေး၊ သူ့အနုပညာ၊ Title အဆန်းအပြားနဲ့ ချစ်သော အရိမန္တနပူရ၏ မဟာအောင်ပွဲ၊ အာရှရဲ့ ကျော်ကြားထင်ရှားမှုအရှိဆုံးပုဂ္ဂိုလ် (၅၀) တွင် ဒါရိုက်တာရင် (ကျန်တုံကျန်း)ပါဝင်၊ ဒီနှစ်ပိုင်းမှာ ဆွဲဆောင်မှု အရှိဆုံးဖြစ်လာတဲ့ လက်တင်အမေရိက အဆိုတော် ရှကီရာ (Shakira) စသော ပြည်တွင်းပြည်ပ ရုပ်ရှင်နှင့်ဂီတပညာရှင် စူပါတို့၏ ဘဝအလှဒဿနများနှင့်အတူ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် မျိုးစန္ဒီကျော်၏ အလှပုံရိပ် စတိုင်လ်ရောင်စုံဓာတ်ပုံ တို့ဖြင့် **"စူပါ"** သတင်းဂျာနယ်ကို ဆင်တောင်ကြီးစာပေ၊ အမှတ် ၄၁၊ ၂၉ လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

သတင်းစာများတွင် ကြော်ငြာထည့်သွင်းလိုသူများ မန္တလေးမြို့ ကြော်ငြာလက်ခံဌာနခွဲ၌ဆက်သွယ်နိုင်

ရန်ကုန် ဩဂုတ် ၂၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာများတွင် ကြော်ငြာထည့်သွင်းလိုသူများအတွက် ကြော်ငြာလက်ခံဌာနခွဲကို မန္တလေးမြို့တွင် ဩဂုတ် ၁၅ရက်မှစတင်၍ ဖွင့်လှစ်လက်ခံဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါသတင်းစာများတွင် စီးပွားရေး၊ လူမှုရေး၊ သာရေးနာရေး ကြော်ငြာထည့်သွင်းလိုသူများနှင့် ကြော်ငြာအချပ်ပိုထည့်သွင်းလိုသော ကြော်ငြာရှင်များသည် ကိုယ်ပွားသတင်းစာတိုက် မန္တလေးမြို့ ၂၀-၂၁လမ်း နှင့် ၈၂-၈၃လမ်းကြား၊ အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၂၇၂၉၊ ၀၂-၃၉၉၃၅တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

Y.E.S.
Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,23
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS,4 Skills : AUG - 3,23,28
No.119, Y.W.C.A Building, Bogalayzay St., Botataung Tsp. 245821
No.190, 2nd Flr., 28th St. (Upper), Pabedan Tsp. ☎ 243950

(24-8-2004) မှ (30-8-2004)ထိ
(Gentleman)
ဖုန်း 01-690264, 02-36444

ကျောင်းသားသစ်များလက်ခံပြီ။
☎ 01-535151, 09-80-34549

☎: 525847

အမည်ပြောင်း

ကရင်ပြည်နယ် ဘားအံမြို့ ဈေးတန်းလမ်းနေ ဦးစီကြို၏သား အထက(၁) ဒသမတန်း(ခ)မှ မောင်မြတ်ညွန့်ထွန်းအား ယနေ့မှစ၍ မောင်မြတ်ဦး (ခ) မောင်လူမွေးဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြတ်ဦး(ခ)မောင်လူမွေး။

သုံးခွမြို့နယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အောင်ပန်းစိန်ကျေးရွာ လမင်းတစ်ရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၈ရက်က ကျင်းပရာ ကျေးရွာ ဥက္ကဋ္ဌ ဦးအောင်မျှင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူးဦးညွန့်ရွှေ၊ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီးဒေါ်ယဉ်မြင့်တို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မျှင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက အလှမ်းစာမှာရှိ၊ ပညာတန်ဖိုးကြီးပါဘိ ခေါင်းစဉ်ဖြင့် စာကြည့်တိုက် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ပြန်/ဆက်(ရုံးချုပ်) ဦးစီးအရာရှိ ဦးဝင်းကြည်က ငွေကျပ် တစ်သောင်းနှင့်စာအုပ်မျိုးစုံ ၂၀၀ အုပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

လုပ်အားရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၂၀

မုံရွာမြို့ နတ်လူထိပ်ပန် ရပ်ကွက် ညောင်ပင်ဇောက် မြောက်ပိုင်း၏ လုပ်အားရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၇နာရီခွဲတွင် အဆိုပါစာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် လုပ်အားရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မုံရွာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် အဖွဲ့ဝင်(၁) ဦးဘလှ၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီသို့ ဦးမြင့်ထွန်း-ဒေါ်ခင်မာလာ (ဖွဲ့စက်မှုလက်မှုလုပ်ငန်း၊ မုံရွာစက်မှုဇုန်)မိသားစုက အလှူငွေကျပ် ၇၀၀၀၀၊နတ်လူထိပ်ပန် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့က ငွေကျပ် ၁၀၀၀၀ နှင့် စာအုပ် အလှူရှင် ၂၃ ဦးတို့က စာအုပ်၊ မဂ္ဂဇင်း ၁၂၇၅ အုပ် ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

HLA SHWE PIANO SERVICES
No.(39), Daw Thein Tin street, kandawlay,
MTNT Tsp., Yangon.
Ph: 373 484, 09 500 9775
Email: hspiano@myanmar.com.mm

ဖျာပုံခရိုင်ဥက္ကဋ္ဌ ဒေးဒရဲမြို့ ကျေးလက်ဆေးပေးခန်းဖွင့်ပွဲတက်ရောက်

ဒေးဒရဲ ဩဂုတ် ၁၆

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွန်းသည် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထိန်လင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့်အတူ ဩဂုတ် ၁၂ရက်က တိုးကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးလက်ဆေးပေးခန်း အဆောက် အအုံလှူဒါန်းပွဲနှင့် ဖွင့်လှစ်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ထို့နောက် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းအား ကြည့်ရှု စစ်ဆေးပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။ အဆိုပါ တိုးကျေးရွာ ကိုယ့်အား ကိုယ်ကိုးဆေးခန်းမှာ ငွေကျပ် ၁၄သိန်း ကုန်ကျသည်ဖြစ်ရာ ဆေးခန်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းနှင့် အတူ ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ဟန်က မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်စိုးသို့ လွှဲပြောင်း ပေးအပ်ပြီး ဆေးခန်းဆောက်လုပ်ရေးအတွက် မတည် အလှူရှင်များ၏ လှူဒါန်းငွေ များကို ကျေးရွာဥက္ကဋ္ဌ ဦးမြစံနှင့် ဆေးခန်း ဆောက်လုပ်ရေးကော်မတီ တို့က လက်ခံရယူကြသည်။ **(က–ပ)**

တောင်ကြီးမြို့နယ် ဥက္ကဋ္ဌဖလားရပ်ကွက်ပေါင်းစုံ မိုးရာသီ ခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဩဂုတ် ၂၀

၂၀၀၄ခုနှစ် တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ မိုးရာသီ ခြင်းလုံးခတ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၉ရက် ညနေ ၃နာရီက တောင်ကြီးမြို့ မြို့နယ် ခြင်းလုံးအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်း အနား ဆက်လက် ကျင်းပရာ တတိယ ဆု ရရှိသော ဟော်ကုန်းရပ်ကွက် အသင်း၊ ဒုတိယဆု ရရှိသော မြို့မ ရပ်ကွက်အသင်း တို့အား မြို့နယ် ခြင်းလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တစ်ဦးချင်း ဆု တံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆုဖလားပေးအပ်

ယင်းနောက် ပထမဆုရရှိသော ဈေးပိုင်းရပ်ကွက်အသင်းအား တောင်ကြီး မြို့နယ် ဥက္ကဋ္ဌ ကိုယ်စား မြို့နယ် အားကစားနှင့် ကာယပညာဦးစီးမှူး ဦးတင်အေးက ပထမဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

အဆိုပါ မိုးရာသီ ခြင်းလုံးခတ် ပြိုင်ပွဲကို ဩဂုတ် ၇ရက်မှ ၉ရက် အထိကျင်းပရာ ရပ်ကွက် အသင်း ပေါင်း ၂၀ ပါဝင် ယှဉ်ပြိုင် ကစားကြ သည်။ **(အား/ကာ)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဩဂုတ် ၇ ရက်က မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ ရုံးဝန်ထမ်းများ ဓာတုကလျာ ပန်းဥယျာဉ်အတွင်း ပျိုးအိတ်ထုတ်လုပ် ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ်ကြီးကြပ်မှုလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်း ဌာနဆိုင်ရာများ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုရှင်းလင်း

မြစ်ကြီးနား ဩဂုတ် ၁၈

ကချင်ပြည်နယ် ဒေသဆိုင်ရာ ပြည်နယ်ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၁၇ရက် မွန်းလွဲ၁နာရီခွဲက မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ တွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က ဌာနဆိုင်ရာလုပ်ငန်းများ စနစ်တကျ လုပ်ငန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပညာရေး၊စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေးတို့ကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများအလိုက် မြို့များ၌ အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ လိုအပ်သည် များကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

အောင်ပန်းမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

အောင်ပန်း ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)အောင် ပန်းမြို့ (၃၈)ကြိမ်မြောက် မြို့လုံး ကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဗုဒ္ဓဝေယျာဝစ္စ လူငယ်များအဖွဲ့က ဦးဆောင်ပြီး ဩဂုတ် ၁ ရက်က ကျင်းပရာ အောင်ပန်းမြို့မ ပြင်သာ ကျောင်းတိုက်နာယက ဆရာတော် (သာသနဓဇဓမ္မာစရိယ)ဘဒ္ဒန္တ နန္ဒသိရီ အမှူးပြုသောကျောင်းတိုက်၁၃ကျောင်းမှ ပင့်သံဃာတော် ၅၈၈ပါးတို့ ကြွရောက် တော်မူကြသည်။

လှူဒါန်း

အဆိုပါဆွမ်းဆန်စိမ်းလှူဒါန်းပွဲသို့ မြို့ပေါ် ရပ်ကွက် ၁၂ရပ်ကွက်နှင့် တပ်နယ်မှ မိသားစုများနှင့် ပတ်ဝန်း ကျင်ကျေးရွာများမှ ရွာသူ ရွာသားများ စုပေါင်းလှူဒါန်းကြသည်။ **(ဝ၉၆)**

ကျန်းမာရေးပညာပေးဟောပြောပွဲ ကဝမြို့နယ်၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ပဲခူးတိုင်း ကဝမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းက ကြီးမှူး ကျင်းပသည့် ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၆ရက်တွင် ကဝမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း ဆရာကျော့ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကဝမြို့နယ် ပြည်သူ့ဆေးရုံ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန် ဒေါက်တာ အောင်မျိုးဟိန်းက ကျန်းမာရေးကဏ္ဍ နှင့် စပ်လျဉ်း၍ ပညာပေးဟောပြော ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

(က–ပ)

ငှက်ဖျားရောဂါနှိမ်နင်းရေးလှုပ်ရှားမှု ပျော်ဘွယ်မြို့တွင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်

ပျော်ဘွယ် ဩဂုတ် ၁

ပျော်ဘွယ်မြို့နယ်ကျန်းမာရေးဌာန ၂၀၀၄ခုနှစ် ပဉ္စမအကြိမ် ငှက်ဖျား ရောဂါနှိမ်နင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် မြို့နယ်ကျန်းမာရေး ဦးစီးမှူး အဆင့်(၁) ဦးဆားနှင့်အဖွဲ့ဝင် များသည် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဈေးတာဝန်ခံ ဦးထွန်းဝေနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင် ၂၂ရက် နံနက်က မြို့မဈေးကြီးအတွင်း ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက် ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် သွေး လွန်တုပ်ကွေး ရောဂါဖြစ်ပွားစေသော ရေအိုး၊ ရေကန်များ သန့်၊ စင်၊ လဲ ဆောင်ရွက်ရေး၊ စားသောက်ဆိုင် ရောင်းချသူများ တစ်ကိုယ်ရေ သန့် ရှင်းရေး၊ ကလေးငယ်များ ခြင်လုံခြုံ စေရေးကိစ္စရပ်များကို ပညာပေး ရှင်းလင်းကြသည်။ **(၂၅၀)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကြို့ပင်ကောက်မြို့နယ် မြို့မဈေးကြီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ဈေးသူဈေးသားများ ပူးပေါင်း၍ ပလက်ဖောင်းကပ်တုံးများ ဆောင်ရွက်ခြင်းနှင့် ဈေးလုံခြုံရေးခြံဝင်းတံခါးများကို မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ လက်ထောက်အင်ဂျင်နီယာ ဦးသန်းဦး၊ ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးနှင့် တာဝန်ရှိသူများ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (ဝ၄ဝ)

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြား ရေးမှူး ဦးစောနိုင် ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်း၊ တာဝန်ခံ အင်ဂျင်နီယာ ဦးနေလင်းတို့နှင့် အတူ လွတ်လပ်ရေး ကျောက်တိုင်အနီး ချုံနွယ်များရှင်းလင်းခြင်းနှင့် ပန်း အလှပင်များ စိုက်ပျိုးခြင်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကယားပြည်နယ်ကျက်သရေဆောင် သီရိမင်္ဂလာတောင်တော်မြတ်စေတီ ရွှေသင်္ကန်းကပ်လှူရန်နှင့် ဘက်စုံမွမ်းမံပြုပြင်ရန် အလှူငွေပေးအပ်

လွိုင်ကော် ဩဂုတ် ၅

ကယားပြည်နယ်၏ကျက်သရေဆောင် သီရိမင်္ဂလာတောင်တော်မြတ်စေတီတော် ရွှေသင်္ကန်း ကပ်လှူပူဇော်ရန်နှင့် စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန် စေတနာရှင် ပြည်သူများက ဒုတိယအကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ တောင်တော် ဘက်စုံမွှာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက အမှာစကားပြောကြားပြီး စေတနာအလှူရှင် ၇၅ဦးက ဒုတိယအကြိမ်အလှူတော်ငွေ ကျပ်၃၄၂၈၅၅၀ကို စေတီတော်ဘက်စုံပြုပြင်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ နာယက ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးသို့ အလှူရှင်များက ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ဝ၈၄)**

ဘုရားငါးဆူ-မြောက်ကုန်းကြီးကျေးလက်လမ်း အမာခံမြေနီကျောက်စရစ်ခင်း

ပြည် ဩဂုတ် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း)ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဘုရားငါးဆူ-မြောက်ကုန်းကြီး ကျေးလက်လမ်း အမာခံမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းအား စံချိန်စံညွှန်းမီ ဆောင်ရွက်နိုင်ရေးအတွက် ဩဂုတ် ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြိုင်နှင့်တာဝန်ခံအင်ဂျင်နီယာဦးကျော်သူအောင်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ ဘုရားငါးဆူ-မြောက်ကုန်းကြီးကျေးလက်လမ်းသည် အရှည် ပေ ၅၂၈၀ ၊ အကျယ် ၁၀ ပေ မြေနီကျောက်စရစ်လမ်းဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၃၂ သိန်းဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ကျေးလက်လမ်းပြီးစီးပါက မှတ်တိုင်၊ မြောက်ကုန်းကြီး၊ ညောင်ပင်သာ၊ ဘုရားငါးဆူကျေးရွာ အပါအဝင် ကျေးရွာအုပ်စုနေ ပြည်သူများ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။ **(၄၀၃)**

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးထွန်းဝေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းအေးတို့သည် ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းနိုင်နှင့်အဖွဲ့ဝန်ထမ်းများ မြို့အဝင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဩဂုတ်၉ရက်က စုပေါင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တန့်ဆည်မြို့ ရွှေဝါတိုးသမဝါယမအသင်း မိုးချည်မျှင်ရှည်ဝါ စံပြကွက်စိုက်ပျိုး

တန့်ဆည် ဩဂုတ် ၂

တန့်ဆည်မြို့နယ် မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှမြင့်နှင့် ဝန်ထမ်းများဦးဆောင်၍ ဇူလိုင်၁၉ရက်က ရွှေဝါတိုးသမဝါယမ အသင်းပိုင်မြေနှစ်ဧကတွင် မိုးချည်မျှင်ရှည်ဝါ အထွက်ကောင်းမျိုးစံပြကွက် စိုက်ပျိုးကြသည်။

အဆိုပါစိုက်ပျိုးသည့် အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေး၊ အတွင်းရေးမှူး ဦးကျော်နိုင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များနှင့် ဝါစိုက်တောင်သူများ ကြည့်ရှုလေ့လာကြသည်။ တန့်ဆည်မြို့နယ်၌ မိုးရာသီအတွင်း မိုးချည်မျှင်ရှည်ဝါ ၁၆၅၈ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

မန္တလေး ဩဂုတ် ၁၀

အထက်မြန်မာပြည်အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ဝန်ထမ်း မိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၃ရက် မွန်းလွဲ ၂နာရီက အဆိုပါ အားကစား သိပ္ပံခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်တက္ကသိလ မဟာဓမ္မာစရိယ (M.A) အရှင်ဣသရိယထံမှ ငါးပါးသီလနှင့် ပရိတ်တရားတော်များ နာယူကြပြီး ခေတ္တကျောင်းအုပ်ကြီးနှင့် မိသားစုဝင်များက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(က-ပ)**

အပြုံ့ပြုံ့ အနယ်နယ် သတင်းများ

ကော့ကရိတ်မြို့နယ်ဥက္ကဋ္ဌဖလားဆုချီးမြှင့်

ကော့ကရိတ် ဩဂုတ် ၂

ကော့ကရိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၁၁ရက်က မြို့မအားကစားကွင်းတွင် အမှတ်(၅)ရပ်ကွက် ဘောလုံးအသင်းနှင့်အမှတ်(၇)ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အချိန်ပိုကစားသည်အထိ ဂိုးမရှိသရေဖြစ်နေသဖြင့် ပယ်နယ်တီငါးလုံးကန်သွင်းကြရာ အမှတ်(၅)ရပ်ကွက် ဘောလုံးအသင်းက သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

အဆိုပါ ဗိုလ်စွဲ အနိုင်ရအမှတ်(၅)ဘောလုံးအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဝင်းက ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

ဩဂုတ် ၁၀ ရက်က နတ်မောက်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်နှင့်ဝန်ထမ်းများ မြို့တွင်း လမ်းဘေးဝဲယာတွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေသုတစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း

ဝက်လက် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာ ရွှေသုတစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက်က ကျေးရွာအခြေခံပညာ မူလတန်း ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ လိန်ပင်ကျေးရွာဥက္ကဋ္ဌ ဦးထွန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာအုပ်၊ စာစောင် လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြား၍စာအုပ်၊ စာစောင် အုပ်၅၀ကို စာကြည့်တိုက် အတွက် ပေးအပ်လှူဒါန်းသည်။ **(က-ပ)**

ဩဂုတ် ၉ ရက်က ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် ဝန်ထမ်းများ ဦးဥတ္တမလမ်းဘေး ဝဲယာတစ်လျှောက်တွင် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

e- Education Learning Centre
သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်
မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၂၃-၈-၂၀၀၄ (တနင်္လာနေ့)

❑ **မြန်မာစကားပြေအကြောင်းသိကောင်းစရာများ**
- ပ၊ဒု၊တနှစ်(နေ့+အဝေးသင်)မြန်မာစာ ကျောင်းသား ကျောင်းသူများ

❑ ရောဝတီမြစ်
- ပ၊တနှစ်(နေ့+အဝေးသင်)ပထဝီဝင်ကျောင်းသား ကျောင်းသူများ

၂၄-၈-၂၀၀၄ (အင်္ဂါနေ့)

❑ **မြွေအကြောင်းသိကောင်းစရာ**
- သတ္တဗေဒကျောင်းသူ၊ကျောင်းသားများ၊ ဝါသနာရှင်များ

❑ ရေနံချောင်းမြို့၊ ကျောက်စာရုံဘုရား ကျောက်စာချပ်များ
- သမိုင်းကျောင်းသား ကျောင်းသူများ

၂၅-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

❑ Demand
- အဝေးသင်တက္ကသိုလ် ပထမနှစ်စီးပွားရေး၊ စီးပွားစီမံပြည်သူ့ရေးရာ၊ အထူးပြုများ

❑ Double Entry and Book-keeping
- အဝေးသင်တက္ကသိုလ်ပထမနှစ် စီးပွားရေး၊စီးပွားစီမံ၊ အထူးပြုများ

၂၆-၈-၂၀၀၄ (ကြာသပတေးနေ့)

❑ Graphical Presentation
- အဝေးသင်တက္ကသိုလ် ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြုများ၊ အမျိုးသားယဉ်ကျေးမှု အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေးပညာ အထူးပြုများ

❑ သူတော်ကောင်း တရားလေးပါး အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေးပညာအထူးပြုများ

၂၇-၈-၂၀၀၄ (သောကြာနေ့)

❑ - အာသံနိုင်မော်ကွန်း၏ ဂုဏ်ရည်
- ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

❑ ဩဝါဒထူးပျို့
- ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်အထူးပြုကျောင်းသား ကျောင်းသူများ

❑ Poetry
- ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်အထူးပြု ကျောင်းသား ကျောင်းသူများ

❑ Mechanism
- ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်၊ ဓာတုဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ

၂၈-၈-၂၀၀၄ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

၂၉-၈-၂၀၀၄ (တနင်္ဂနွေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၉)ရက်
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ရှေ့တန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း ဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်း ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ ၁ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း
ထူးအိမ်သင်(ခ) ကျော်မြင့်လွင်
အသက် (၄၂)နှစ်

၁၄-၈-၂၀၀၄ ရက်တွင် မမျှော်လင့်ဘဲ ခွဲခွာသွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကိုဘဲဥ ကောင်းရာသုဂတိ လားပါစေ။

ကြေကွဲခြင်းများစွာဖြင့်
Maitland Family

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ကိုခင်မောင်တိုး
ဆုံကုန်းရပ်၊ ညောင်ဦးမြို့
အသက်(၄၇)နှစ်

၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၆ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ပြည့်သော်လည်း တစ်နေ့မှ မေ့မရနိုင်ပါ။ ကိုခင်မောင်တိုးအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါရန် အမျှ-အမျှ-အမျှ ပေးဝေပါသည်။

ချစ်ဇနီး- ဒေါ်ခင်စန်းဝေ
ချစ်သား- မောင်ကောင်းဆုသာ။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်သိန်း

ဦးကျော်သိန်း၊ ကထိက(ငြိမ်း)၊ မြို့ပြအင်ဂျင်နီယာဌာန (Y.I.T) သည် ၃၀-၇-၂၀၀၄ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

မြို့ပြအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာနတွင်
ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေးဒီပလိုမာသင်တန်းအတွက်
လျှောက်လွှာခေါ်ယူခြင်း
(Diploma in Computer Maintenance)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ သင်တန်းဌာနတွင် ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေး ဒီပလိုမာသင်တန်း (Diploma in Computer Maintenance) (၁)နှစ်သင်တန်းအတွက် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

(က) သိပ္ပံ(ရူပဗေဒ)ဂုဏ်ထူးဘွဲ့ B.Sc (Phy;)(Hons) သို့မဟုတ် M.Sc(Physic), သို့မဟုတ် အစိုးရကွန်ပျူတာကောလိပ်များမှ B.C.Sc/ B.C.Tech (ရိုးရိုး)ဘွဲ့ ရရှိသူဖြစ်ရမည်။
(ခ) ၁-၁၀-၂၀၀၄ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ဝန်ထမ်းသင်တန်းသားအဖြစ် အချိန်ပြည့်တက်ရောက်နိုင်ရမည်။
(ဃ) သင်တန်းပြီးဆုံးသောအခါ မည်သည့်ဒေသမဆို တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ အထက် မြန်မာနိုင်ငံအတွက် မန္တလေး ကွန်ပျူတာတက္ကသိုလ် (ဒဟတ်တော) နှင့် အောက်မြန်မာနိုင်ငံအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာနတို့တွင် ၁-၁၀-၂၀၀၄ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၃၀-၈-၂၀၀၄ ရက်နေ့မှစတင်၍ မိမိသက်ဆိုင်ရာဒေသရှိ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၁၇-၉-၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ အဆိုပါကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သက်ဆိုင်ရာကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ သဘော်ဆေးစက်ရုံအတွက် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
Colour Pigment	(၂) မျိုး	(၃-၉-၂၀၀၄) မွန်းတည့် ၁၂:၀၀နာရီ

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်- ၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ **(Sealed Tender)** များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် ၂၄/မမ/ပြည်တွင်း/အထွေထွေပစ္စည်းများ (**CME**)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Waste Cotton	(20000)-Lb
2.	Painting Materials	(1)-Lot
3.	Co_2 Wire	(1)-Lot
4.	GI Pipe & Accessories	(1)-Lot
5.	Bolt & Nut	(1)-Lot
6.	Foam Rubber	(1)-Lot
7.	Basin & Camode	(1)-Lot
8.	Emery Cloth & Saw Blade	(1)-Lot
9.	Battery 12V, 200 & 150 Ah	(24)-Nos
10.	Bearing Spring 11D	(400)-Nos
11.	Perspex Sheet 8 x 4 x 3t	(1000)-Sht

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၁-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉-၈-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၊၆၁၃။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၃၆၀/ခ)၊ ဧရိယာ (၀ ဒသမ ၀၂၇) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၃၆၀/ခ) ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ(ဦးသိန်း)၏အမွေဆက်ခံပိုင်ဆိုင်သော သား/သမီးများဖြစ်ကြသည့် ဒေါ်စန်းစန်းဝင်း၊ ဦးတင်ဝင်း၊ ဒေါ်ငွေငွေဝင်း၊ ဦးခင်မောင်ဝင်း၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်အေးအေးဝင်းတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(ခုနစ်ရက်)အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် LL.B, DBL, DML.
ဒေါ်အေးအေးစိုး B.Sc. Hons (I.C) H.G.P, RL.
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၂၇/က၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀-၁၇၀၄၄၊ ဖုန်း-၂၉၄၈၆၆။



မြန်မာဂေါက်သီးရိုက်အသင်း
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်
အသင်းသူ/ အသင်းသားများ သိသာရန်ကြေညာချက်

မြန်မာဂေါက်သီးရိုက်အသင်းမှ အသင်းသူ/အသင်းသားများအနေဖြင့် လစဉ်ကြေးများ ပေးသွင်းရန် ပျက်ကွက်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ပါ၍ လစဉ်ကြေးပေးသွင်းရန် ကျန်ရှိနေသော ၂၀၀၂/၂၀၀၃ ခုနှစ်အတွက် တစ်နှစ်ကျော် ကျန်ရှိနေသူများစာရင်းအား အသင်းတိုက်၏ ကြေညာသင်ပုန်းတွင် ကြေညာထားပြီး ၎င်းတို့အနေဖြင့် ၁၅-၉-၂၀၀၄ ရက်နေ့ နောက်ဆုံးထားပြီး လစဉ်ကြေးပေးသွင်းကြပါရန်နှင့် ပေးသွင်းခြင်းမရှိပါက **DEFAULTER** အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာဂေါက်သီးရိုက်အသင်း။

ဖခင်အမည်မှန်

အမှတ် (၁၄၃၄) ဝါရုံလမ်း၊ ရွှေလက်လှရပ်ကွက်၊ ပြည်မြို့နေ မောင်ရဲလင်းမောင် ၇/ပမန (နိုင်) ၀၄၅၀၅၁ ၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်သန်း ၇/ပမန(နိုင်) ၀၈၈၁၄၄ ဖြစ်ပါသည်။ **ဦးစိုးနိုင်သန်း။**

ပြင်ဆင်ဖတ်ရှုပါရန် ၁၆-၈-၂၀၀၄နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇)တွင်ပါရှိသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာ(၃၂/၂၀၀၄)တွင် Website လိပ်စာ Cstb အစား csstb imis.com. mm ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်တော်၏မိတ်ဆွေ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ မီးဒုံးလမ်းသွယ် ၁၊ တိုက် ၁၀၈၊ အခန်း ၃ နေ၊ ဦးလှဝင်း ၁၂/သဃက(နိုင်)၀၁၈၂၁၇ ၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်တော်၏ မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ယှဉ်တွဲဖော်ပြအမှတ်များဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်သော အထက်ပါကုန်အမှတ်တံဆိပ်များကို မိမိကိုယ်တိုင်ချုပ်လုပ်သည့် အမျိုးသား၊အမျိုးသမီးနှင့် ကလေးများအတွက် အဝတ်အထည်အမျိုးမျိုး၊ ဖိနပ်နှင့်ဦးထုပ်အမျိုးမျိုး၊ လက်ကိုင်နှင့်လက်ဆွဲအိတ်အမျိုးမျိုးတို့အပေါ်တွင် သီးသန့်ချုပ်လုပ်၍ သော်လည်းကောင်း၊ ထိုပစ္စည်းများပေါ်တွင် အသားတံဆိပ်အဖြစ်ပြုလုပ်၍သော်လည်းကောင်း မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို အမျိုးအစားနှင့် လက္ခဏာတူ ပစ္စည်းများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားဖြစ်အောင် တုပသုံးစွဲခြင်းမပြုရန် တားမြစ်ကြောင်းနှင့် သုံးစွဲသူမည်သူကိုမဆို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်စိုး
တရားရုံးချုပ်ရှေ့နေ။

အခန်း ၁၆ ဘီ၊ ပထပ်၊
အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်။

ခရုသင်းခြောက်မျိုးအထူးကုသမားတော်ကြီးဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များသိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ဘုမ္မရာဇာ၊ ဆင်တုံးမန္တယ်သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်
နေရောင်လင်းဆေးတိုက်၊ အမှတ်-၂၄၊ စင်ယော်လမ်း၊ ၁၄/၂ ရပ်ကွက်
မြင်သာအိမ်ရာ(၂)၊ တောင်ဥက္ကလာပ၊ရန်ကုန်မြို့။

ဒေါ်ညိုခိုင်
(ကျောက်တော်)
အသက် (၆၆)နှစ်

နာမကျန်းစဉ်နှင့် ဈာပနတွင် အဘက်ဘက်မှ စေတနာဖြင့် ကူညီခဲ့ကြသော TZ Trading Enterprises Ltd.မှ ဝန်ထမ်းများနှင့်တကွ ဆွေမျိုး မိတ်သင်္ဂဟအားလုံးတို့အား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။



ရေကူးသင်တန်း

တက္ကသိုလ်များ ရေကူးကန်

သထုံလမ်း။

–513109



ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဝင်းကျော်သူ၏ မြန်မာ နိုင်ငံကူးလက်မှတ် အမှတ် ၅၄၇၅၅၂ သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက ပြန်ပို့ဆက်သွယ်ပေးပါရန်။ **ဝင်းကျော်သူ**

ဖုန်း– ၀၉–၅၀–၀၆၅၂၆

၂၀၀၊ က/၃လမ်း၊ မြို့သစ်

အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
အမှတ်(၅၆)၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပရဆေးဥယျာဉ်နှင့် ဆေးဝါးဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဒု–ဦးစီးမှူး(ဥယျာဉ်) (လစာနှုန်း ၅၄၀၀၀–၁၀၀–၅၉၀၀၀) ရာထူးနေရာအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) (၁၅–၉–၂၀၀၄)ရက်နေ့တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။)

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

(င) လုပ်ငန်းသဘာဝအရ အမျိုးသားနှင့်သာသင့်လျော်ပါသည်။

၂။ လျှောက်လွှာကို တိုင်းရင်းဆေးပညာဦးစီးဌာနရုံးချုပ် ဝန်ထမ်းရေးရာဌာနခွဲသို့ (၁၅–၉–၂၀၀၄)ရက်နေ့ အရောက်ပေးပို့ရမည်။

၃။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှ တစ်ဆင့် ဝန်ကြီးဌာနခွင့်ပြုချက်ရယူပြီး တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်) ဝန်ထမ်းရေးရာဌာနခွဲသို့ (၁၅–၉–၂၀၀၄)ရက်နေ့ အရောက်ပေးပို့ရမည်။ လျှောက်လွှာမိတ္တူတစ်စောင်ကို ဓာတ်ပုံနှင့်အတူ တိုင်းရင်းဆေး ပညာဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနသို့ တိုက်ရိုက်ပေးပို့ရမည်။

၄။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊တယ်လီဖုန်းအမှတ် (၃၇၁၉၆၄)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းဓာသာခန့်ထားရန်)

၁။	ယာဉ်မောင်း	(၂)ဦး	(ကျား)
၂။	အထွေထွေလုပ်သား	(၅)ဦး	(ကျား)
၃။	လုံခြုံရေး		

(က) အမှတ်စဉ်(၁)အတွက် အသက် ၃၅နှစ်အောက်နှင့် လုပ်သက်သုံးနှစ်အထက် ရှိရမည်။

(ခ) အမှတ်စဉ်(၂)၊(၃)အတွက် ၈တန်းအောင်မြင်ပြီး သွက်လက်သူဖြစ်ရမည်။ ဓာတ်ပုံ နှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပုံစံ(၁၀) မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ထောက်ခံချက်နှင့်အတူ ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။

အမှတ် ၉၉၊ ဗညားဒလလမ်းနှင့် ၁၂၅လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
မဟာဝိဇ္ဇာသင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ် ဘာသာစကား)ပထမနှစ် သင်တန်းကို ၂၀၀၄ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်လိုသူများသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာစကား)ပထမနှစ်သင်တန်း တက်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

၃။ ၂၀၀၄ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြရမည်။ သင်တန်းဝင်ခွင့်ကြေညာချက် အပြည့်အစုံကို ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

သန်းသန်းအေး

မော်ကွန်းထိန်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ရာဘီယာဘီဘီ၏သားဖြစ်သူ IQBAL A.GINWALLA သည် ကျွန်မအပေါ် ဒုက္ခအမျိုးမျိုးနှင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ညီအစ်ကိုမောင်နှမများအပေါ်တွင်လည်း သည်းခံ ခွင့်မလွှတ်နိုင်သော လုပ်ရပ်များ အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်

ဒေါ်ရာဘီယာဘီဘီ

၁၂/ပဘတ(နိုင်)၀၀၀၅၅၈။

အမည်ပြောင်း

အထက (၅)မရမ်းကုန်း၊ ဒသမတန်း (ဃ)မှ မောင်ခိုင်ဇာလင်းအား မောင်ဇေယျာပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇေယျာပြည့်စုံ။

ဖခင်အမည်မှန်

အထက(၅)ဗိုလ်တထောင် နဝမတန်း(A)မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဌေး ၇/ပမန(နိုင်)၀၁၅၈၉၆ ဖြစ်ပါသည်။

ဦးခင်မောင်ဌေး။

ကိုအောင်မျိုးဦး
အသက်(၃၅)နှစ်

လှိုင်မြို့နယ်၊စက်မှုရိပ်သာ၊ တိုက် ၁၆၊ အခန်း(၉)နေ ဦးမျိုးဆင့်ဦး၏ သားသည် ၁၇–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

ဦးကျော်ထင်၏သမီး အလက (၁)ဒဂုံမြို့သစ်(မြောက်ပိုင်း) ဆဋ္ဌမတန်း(B)မှ မသုအား ယနေ့မှစ၍ မသုသစ္စာဟု ပြောင်းလဲခေါ်ပါရန်။

မသုသစ္စာ။

ဝမ်းနည်းကြေကွဲခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးလှဦးမောင်သည် ၁၆–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ရှမ်းပြည်နယ်အခွန်ရုံးနှင့်တောင်ကြီးမြို့နယ်အခွန်ရုံး

ဝန်ထမ်းမိသားစုများ။

ဦးသန်းဦး
AGTI(Civil), B.Sc(Maths)

တာဝန်ခံအင်ဂျင်နီယာ

မြို့နယ်စည်ပင်၊ ကော့မှူးမြို့

အသက်(၃၅)နှစ်

ရေတာရှည်မြို့နယ်၊ဆွာမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ ပ/၁၈နေ ဦးလှရွှေ (အငြိမ်းစား ဆေးမှူး၊ အရာခံဗိုလ်)–ဒေါ်မူတို့၏သားကြီး၊ မသန်းသန်းကြိုင် (B.Ecom, (Stats)၊ မောင်သန်းဝင်း (ဦးစီးမှူး၊ မြို့နယ်မြေစာရင်း၊ တန့်ဆည်မြို့)တို့၏ အစ်ကိုသည် ၁၆–၈–၂၀၀၄ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင်ဆွာမြို့သုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးတင်ထွန်းထွန်း
(ရဲအုပ်၊ငြိမ်း)
အသက်(၆၂)နှစ်

ပုသိမ်မြို့၊အမှတ် ၄၄–(A)၊ မရမ်းချို လမ်းနေ (ဦးဘကြွေ–ဒေါ်သန်းညွှန့်) တို့၏ သား၊ (ဒေါ်အုန်းမြင့်၊ ပြင်ခရိုင်)၏ ခင်ပွန်း ၊ဒေါ်တင်လှ (သမဦးစီးမှူး၊ငြိမ်း)၏မောင်၊ဦးတင်မောင် (C.E)–ဒေါ်စဝ်မြသိန်း၊ ဒေါ်ခင်ညွှန့်ကြည် (အထက–၃၊ပုသိမ်) ၊ဦးဇော်ဝင်းမြင့် (လဝက၊ မြို့နယ်မှူး၊ဝိုင်းမော်)–ဒေါ်စမ်းမြင့် ရည်တို့၏အစ်ကို၊ ဦးအောင်မောင်း–ဒေါ်နီ လာထွန်းထွန်း(အထက၊ ပြင်ခရိုင်)၊ ဦးသိန်းသန်းထွန်း–ဒေါ်ကလျာယဉ်ကျေး၊ ဦးခွန်တင်မောင်–ဒေါ်စန္ဒာထွန်း၊ မတင်ရတနာထွန်း တို့၏ဖခင်၊ မြေးခြောက်ယောက် တို့၏ အဘိုးသည် ၁၄–၈–၂၀၀၄ရက် (စနေနေ့) ညနေ ၆း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၈–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီ တွင် သရောင်းချောင်းသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ခဆွေ(ခ) Carl

Managing Director,Intergrated Marketing Ltd,

Vice President, Focus Energy Ltd.

အသက်(၄၅)နှစ်

ဦးမောင်မောင်ခဆွေ Vice President Focus Energy Ltd, သည် ၁၆–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြတ်စံ(အထွေထွေမန်နေဂျာ၊ ပြည်ရေနံမြေ)–ဒေါ်တင်တင်ယုံမိသားစု။

သီရိပုံချီ ဦးကြည်မောင်
(အငြိမ်းစား ဗိုလ်မှူးကြီး)
ဘီစီ–၃၅၁၆
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၂၄၊ ကမ္ဘောဇရိပ်သာနေ ဒေါ်ကြည်ကြည်သာ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကြည်စိုး)၊ (ဦးပြည်စိုး)–ဒေါ်မြင့်မြင့်(အမက–၃၊ ဗဟန်း)၊ ဦးအောင်သန့်–ဒေါ်ခင်မျိုးကြည်၊ ဦးမောင်မောင်တို့၏ချစ်လှစွာသောဖခင် ဦးကြည်မောင်သည် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားပြီဖြစ်ပါသဖြင့် ၂၁–၈–၂၀၀၄ရက်(စနေနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်ကြည်
မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊သတိပဋ္ဌာန်လမ်း၊ အမှတ် ၄၂ နေ (ဦးရွှေရန်–ဒေါ်လှတင်)တို့၏သမီး၊ (ဒေါ်ခင်ဇုံး)၏ညီမ၊ ဦးအေးကြိုင်(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)–ဒေါ်မူမူ(အထက–၁၊တာမွေ၊ငြိမ်း)တို့၏အစ်မ၊ ဦးစိုင်းမော်ခမ်း (MIPL)–ဒေါ်အေးရူပါ၊ ဦးစိုးဝင်း(CHC)–ဒေါ်အေးမာလာ၊ ဦးအောင်ကျော်မိုး(ဦးစီးအရာရှိ၊ ဘဏ္ဍာရေး၊ အိုး/အိမ်)–ဒေါ်စုနှင်းအောင်တို့၏ကြီးကြီး၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၆:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁–၈–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်ပါမည်။ [သတိပဋ္ဌာန်လမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးရဲနိုင်(ခ)George Ohn
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးစံအုန်း)–ဒေါ်မြင့်သန်းတို့၏သားကြီး၊ စစ်ကိုင်းမြို့နေ (ဦးဘရှင်–ဒေါ်စောလှိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မဟာဆိုရှယ်လမ်း၊ အိမ်အမှတ် ၃၄ နေ ဒေါ်လှလှ၏ခင်ပွန်း၊ မောင်ဆန်းမင်း (Eastwind Shipmanagement Pte. Ltd.)၊ မောင်ဖြိုးမင်းနိုင်(MTM Shipmanagement Pte. Ltd.)–မငြိမ်းငြိမ်းဇင်၊ မောင်ရဲမင်းနိုင်(Final Part II. IM 2)တို့၏ဖခင်၊ မောင်ကောင်းခန့်နိုင်၏အဘိုးသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) ညနေ ၄:၅၃ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ထူးအိမ်သင်(ခ)ကျော်မြင့်လွင် နာမကျန်းဖြစ်စဉ်က ကုသပြုစုပေးခဲ့ကြသော ဆရာဝန်များ၊ ဆရာမများနှင့် သုခကမ္ဘာအထူးကုဆေးခန်းမှ ဝန်ထမ်းများ၊ ဈာပနအခမ်းအနား၌ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ပရိသတ်များ၊ ရေဝေးသုသာန်မှဝန်ထမ်းများ၊ သတင်းမေးအားပေးကြသော ပြည်တွင်းပြည်ပမှ မိတ်ဆွေသူငယ်ချင်းများ၊ ပရိသတ်များနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူအပေါင်းအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Bambina Gertrude
ဆရာမဒေါ်ဉမ္မာနိုင်(ခ)မီးမီး
(အလက–၃၊ ပုဇွန်တောင်)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ရေကျော်ရပ်၊ အမှတ် ၁၂/D၊ ဓီဇဝါလမ်းနေ ဦးစိုးမြင့်–(Marina Sherman ဒေါ်လှလှရီ)တို့၏သမီး၊ (ဦးခင်ဆွေ)–ဒေါ်တင်အိတို့၏သမီးချွေးမ၊ ဦးတင်မောင်ဆွေ၏ဇနီး၊ မောင်လင်းမင်းအောင် (ပထမနှစ်၊ ရူပဗေဒ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မစုသက်နိုင်(နဝမတန်း–B၊ အထက–၄၊ ပုဇွန်တောင်)တို့၏မိခင်၊ ဦးစိုးနိုင်၊ ဒေါ်ခင်မာနိုင်၊ဦးဇင်နိုင်တို့၏ညီမ၊ဦးကိုလေးနိုင်–ဒေါ်စန္ဒာသက်၊ ဒေါ်မိုးမိုးနိုင်၊ ဒေါ်သွယ်သွယ်နိုင်(အား/ကာ)တို့၏အစ်မ၊ မဖြိုးရွှေစင်၏အဒေါ်သည် ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့)ည ၁၁:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗိုလ်အောင်ကျော်လမ်း၊ စိန့်မေရီဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မာန်အောင်မြို့နယ်အသင်း
ဦးကျော်သန်း
အသက်(၄၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ တိုက်အမှတ် ၂၀ (လေးလွှာ)နေ မာန်အောင်မြို့နယ်အသင်း ရာသက်ပန်အသင်းဝင် ဒေါ်ဆွေဆွေမြင့်(ခ)ပုံ့ကလေး၏ခင်ပွန်း ဦးကျော်သန်းသည် ၁၇–၈–၂၀၀၄ရက် ညနေ ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းမှကားများ တောင်ဥက္ကလာပ ဟေမဝန်ဈေးရှေ့မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်း၊မြေ၊ရေတွင်း၊ရေစက်၊ မာဃလုလင်ဆွမ်းနှင့်ရေထာဝရအလှူရှင် ရဟန်းဒါယကာ
ဦးထွေးအောင်
(သနပ်ပင်၊ သူဌေးကုန်း)
အသက်(၅၈)နှစ်

(ဦးစိန်–ဒေါ်အုန်း)တို့၏ သား၊ (ဦးသက်–ဒေါ်ချွေးမ)တို့၏သားသမက်၊ လှိုင်သာယာ မြို့နယ်၊ စံပြ(၂၀)ရပ်ကွက်၊ အနော်ရထာလမ်းမကြီး၊ အမှတ် ၅၆၀ နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ လှိုင်မြို့နယ်နေ ကိုဘိုဌေး–မစန်းစန်းထွေး၊ မချိုချိုထွေး၊ မဝါဝါထွေး၊ မောင်အောင်စိုးမိုး၊ မမာမာထွေး၊ မချိုဆွေဇင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၉–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁–၈–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဦး (သုဝဏ္ဏမြို့)
အသက်(၄၇)နှစ်

သုဝဏ္ဏမြို့၊ ရန်ကုန်သစ်ရပ်ကွက်နေ (ဦးစိုးဝင်း)–ဒေါ်အုန်းကြည်တို့၏သားကြီး၊ အမှတ် ၇၈၊ တောင်ထိပ်ပန်းလမ်း၊ (၁၀)ရပ်ကွက်၊ သုဝဏ္ဏမြို့နေ ဦးအောင်ကြည်–ဒေါ်စိန်မေတို့၏ သားသမက်၊ ဒေါ်လဲ့လဲ့ကြည် (အမှတ်–၂၊ သဘော်ဆေးစက်ရုံ)၏ခင်ပွန်း၊ မနွယ်နီဝင်း၊ (ဇော်ဝင်းအောင်)၊ ကိုဆန်နီ(ခ)သန်းဌေး – မထွေးထွေးဝင်းတို့၏အစ်ကို၊ ဦးအုန်းကြိုင်(PIC)–ဒေါ်ခင်မေကြည်၊ ဦးဝင်းမြင့် – (ဒေါ်သန်းသန်းကြည်)၊ ဦးတင့်လွင်(ဆ/မ ညွှန်ကြားရေးမှူး)–ဒေါ်နွယ်နီကြည်၊ ဒေါ်ခင်ဉမ္မာကြည်၊ ကိုဇော်ဝင်း–မစန်းစန်းဝင်း၊ ကိုမင်းသူ–မအေးအေးခိုင်(လွယ်ဟိန်း)တို့၏အစ်ကို၊ တူ တူမ ၁၈ ယောက်တို့၏ဘကြီးသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်အေး (မော်ဘီ/နောင်လုံ)
အသက်(၈၇)နှစ်

ဘားအံမြို့၊ နောင်လုံကျေးရွာနေ (ဦးစိန်ကျင်–ဒေါ်စောခင်)တို့၏သမီး၊ မော်ဘီမြို့နေ (ဦးထွန်းဖေ–ဒေါ်ရွှေရုံး)တို့၏သမီးချွေးမ၊ (ဦးကင်းဝိန်–ဒေါ်ကျင်ဟုန်)၊(ဦးစုဘင်)–ဒေါ်ကျင်၊(ဦးအောင်သိန်း–ဒေါ်ကျင်မေ)တို့၏ညီမ၊(ဦးကင်းပို့–ဒေါ်ကျင်လွှမ်၊ ဒေါ်ကျင်ထွေး)၊ (ဦးဘွန်ဌေး)–ဒေါ်မြခင်တို့၏ညီမ၊ မော်ဘီမြို့နေ (ဦးညီ)၏ဇနီး၊ (ဦးစိုးဝင်း)–ဒေါ်ခင်သန်း၊ ဦးစိုးကြည်–ဒေါ်ရီလေး၊ ဗိုလ်ချုပ်အေးကြွေ(ငြိမ်း)–ဒေါ်ခင်ခင်ဝင်းတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၃ယောက်တို့၏အဘွားသည် မော်ဘီမြို့ ဘီအိုစီလမ်း၊ အမှတ် ၅၁၄ နေအိမ်၌ ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂:၃၀ နာရီတွင် မော်ဘီမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်အုန်း (ပုလဲစာပေ၊ တောင်တွင်းကြီး)
အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ရွှေအင်ကြင်းရိပ်မွန်၊ တိုက် (K)၊ အခန်း ၁ (မြေညီထပ်)နေ ဒေါ်ကြင်မြိုင်၏ခင်ပွန်း၊ ဦးဌေးနိုင် (ပုလဲစာပေ၊ တောင်တွင်းကြီးမြို့)–ဒေါ်ဆွေဆွေဝင်း၊ ဦးမြင့်လွင်(စက္ကူစက်)–ဒေါ်သင်းသင်းလှိုင်၊ ဦးခင်မောင်လေး(Shangrila Leap Int. Co., Ltd.)–ဒေါ်သင်းသင်းမြိုင်၊ ဦးအောင်သန်းထူး(2/0 Multigate Co.,)–ဒေါ်သင်းသင်းကြိုင်၊ ဒေါ်သင်းသင်းခိုင်(ပုလဲစာပေ၊ တောင်တွင်းကြီး)၊ ဦးဝင်းနိုင် (Shangrila Leap Int. Co.,Ltd.)–ဒေါ်ခင်ထွေးတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၁၉–၈– ၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁– ၈–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာကြီး Gabriel စောဖိုးစိန်
(B.A, D.T)
(စိန့်ဂျွန်းဒိုင်အိုစီဇင်ဟိုက်စကူး)
အထက်တန်းပြ(ငြိမ်း)အထက(၂)ဗဟန်း
သန့်ရှင်းသောကားတိုင်အသင်းတော်၏ ဘဏ္ဍာထိန်း
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ အချိန်ပြည့်စာချပုဂ္ဂိုလ်
အသက်(၆၉)နှစ်

သံတောင်မြို့နယ်၊ နန်းချိန်ခွင်ရွာနေ ဦးစောမေးရှာ၏သားကြီး၊ နော်သာမော်၊ ဒေါ်စာရာတို့၏မောင်၊ ဦးစောရှာဒရာ၊ နော်စိန်ဂျူးဗလီမူးမူတို့၏အစ်ကို၊ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အမှတ်(၉)ရပ်ကွက်၊ ၁၀၄၊ အင်းလျားလမ်း၊ သန့်ရှင်းသောကားတိုင်ဘုရားကျောင်းဝင်းနေ ဆရာကြီး Gabriel စောဖိုးစိန်သည် ၁၉–၈–၂၀၀၄ရက် ညနေ ၄:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် အမှတ် ၁၀၄၊ အင်းလျားလမ်း၊ သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

အောက်မေ့ဖွယ်ဝတ်ပြုခြင်းကို ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ၁၀၄၊အင်းလျားလမ်း၊သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစိန်ဖေ (AUSTIN)
ရေဒီယိုအော်ပရေတာ(ပ)၊ငြိမ်း
လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
အသက်(၇၇)နှစ်

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာနေ (ဦးမန်းဘလုပ်–ဒေါ်နန့်ခွမ်း)တို့၏သား၊ အမှတ် ၆၁(ခ)၊ ဦးရွှေနုလမ်း၊ အမှတ်(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်လှကြည်(Juliana)၏ခင်ပွန်း၊ ဦးမြင့်ဖေ (Patrick) (လက်ထောက်ညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီး) – ဒေါ်မာစီစိုးစိုးနွယ် (အလက–၃၊ လှိုင်သာယာ)၊ ဦးကျော်မင်း – ဒေါ်မေမေစိန် (Margareta) (အလက–၁၀၊ချမ်းအေးသာဇံ)၊ဦးအောင်ဖေ (Lawrence) (Sancon Co., Ltd.) ဒေါ်ခင်မေချစ်၊ Sister Mary Julie (ကောင်းသောသိုးထိန်းသီလရှင်ဂိုဏ်း)၊ ဒေါ်နီနီစိန် (Victoria) (စိုက်ပျိုးရေးသုတေသန)၊ ဒေါ်ချိုချိုစိန် (Philomena)၊ Rev. Father Edward Win Pe ၊ဒေါ်အေးအေးစိန် (Christena) (ရိုးမဘဏ်ပင်မ)တို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၀:၃၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မင်းပညာရှိသုံးပါး ဘုရားကျောင်း (ကြို့ကုန်း)တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ် ၆၁(ခ)၊ ဦးရွှေနုလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးကျော်မင်း(ခ)ဦးအိတုံ
(ကားအလှပစ္စည်းဆိုင်၊ ဗိုလ်ရွှေလမ်း)
အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးတန်အိန်–ဒေါ်ရွှေ)တို့၏သားငယ်၊ (ဦးကြည်ဟီး)–ဒေါ်ရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊ အမှတ် ၁၆၃ နေ ဒေါ်လင်လင်ကင်း၏ခင်ပွန်း၊ ဦးစိုး (Pwint Oo Forniture)–ဒေါ်နွယ်နီဦး၊ ဦးကိုကိုဦး(Ko Ko Car Decoration)–ဒေါ်ခင်မူရှိန်၊ ဦးညီညီဦး(Nyi Nyi Oo Car-Decoration)–ဒေါ်သူသူစိန်၊ ဦးခင်မောင်ဝင်း (မိသားစုအလှကုန်၊ မင်္ဂလာဈေး)–ဒေါ်စန္ဒာဦး၊ ဦးကျော်ထက်–ဒေါ်နီလာဦးတို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁၉–၈–၂၀၀၄ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နန့်ညိမ်းတင်
အမှတ်(၁)စီးကရက်စက်ရုံ(ငြိမ်း)
အသက်(၆၅)နှစ်

ညောင်တုန်းမြို့နယ်၊ပါလဲ့အောက်စုကျေးရွာနေ (ဦးဂျူးဇက်–ဒေါ်လှ)တို့၏သမီးကြီး၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်၊ အင်းစိန်လမ်းမ၊ တိုက်အမှတ် ၈၃/၈၄၊ အခန်းအမှတ် ၁၀၂/B နေ ဦးစံလင်းကြူး၏ဇနီး၊ ဦးနော်ဗစ်–ဒေါ်နွယ်နွယ်ဦး၊ ဆရာမမာရီစန်း၊ ဦးဂေါ်မူးသ–ဒေါ်စန်းစန်း ဝေ၊ ဒေါ်မိမိခိုင်၊ ဦးဇော်နိုင်–ဒေါ်စေးစေးခိုင်၊ ဒေါ်မာမာဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၀–၈–၂၀၀၄ရက်(သောကြာနေ့)နံနက် ၃ နာရီ၌ အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂–၈–၂၀၀၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဓမ္မာရုံ၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မြသီ
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကျောင်းလမ်း၊ တိုက် ၆၅ (လေးလွှာ)နေ (ဦးညွှန့်–ဒေါ်သန်းကြည်)တို့၏ သမီး၊ (ဦးသန်း၊ အထက်တန်းအရာရှိ၊ ငြိမ်း၊ ပြည်တွင်းရေကြောင်း)၏ဇနီး၊ ဦးငြိမ်း–(ဒေါ်ညို)၏ညီမ၊ ဦးကျော်ကျော်(ပြည်တွင်းရေကြောင်း)–ဒေါ်ညွှန့်ညွှန့်ဝင်း၊ ဒေါ်အေးအေးမြင့် (ကျောင်းဆရာမ၊ ဖျာပုံ)၊ ဦးညွှန့်ရွှေ–ဒေါ်ရီရီမော်၊ ဦးလှဌေး – ဒေါ်ခင်မေရီ၊ ဦးတင့်အောင် (ပြည်တွင်းရေကြောင်း၊ဖျာပုံ)၊ ဗိုလ်ကြီးမြင့်စန်း(စည်ပင်ရုံးချုပ်)–ဒေါ်နီနီထွေး၊ ဦးကြည်ဝေ(စစ်မှုထမ်းဟောင်းရုံး)တို့၏အဒေါ်၊ မြေး ၁၆ ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၉–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁–၈–၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသော်ဇင်ထွန်း (တပ်ကြပ်ကြီး)
သတင်းတပ်ဖွဲ့(ငြိမ်း)
အသက်(၄၂)နှစ်

ဟသ်ာတမြို့၊ နတ်မော်တိုက်နယ်၊ အမှတ် ၂၈၂ နေ ဒေါ်သန်းမြ၏မြေး၊ ဦးစိန်မောင်–ဒေါ်စိန်စိန်တို့၏သား၊ ဦးမြစိုး–ဒေါ်အေးအေးမူတို့၏တူ၊ ကိုဇော်လွင်ထွန်း၊ ဒုရဲအုပ်စောသီတာညွှန့်(သတင်းတပ်ဖွဲ့)၊ ကိုအောင်ကျော်မိုး၊ မျိုးအောင်သူ၊ ဝေယံထွန်းတို့၏အစ်ကိုသည် ၁၉–၈–၂၀၀၄ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် နတ်မောက်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအေးနု
ညွှန်ကြားရေးမှူး(ငြိမ်း)အကျဉ်းဦးစီးဌာန
အသက်(၉၁)နှစ်

သုံးဆယ်မြို့(ဦးပု–ဒေါ်ငွေစင်)တို့၏သား၊ (ဦးအေးထွန်း–ဒေါ်ခင်သန်းမြင့်)–ဒေါ်လှမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊အမှတ် ၉၊ ရေတွင်းကုန်း ၃ လမ်းနေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ဦးဟန်တင်–ဒေါ်ခင်မာကြည်၊ ဦးညွှန့်ဟန်(အကျဉ်းဦးစီးဌာန)–ဒေါ်မြင့်မြင့်သန်း(တွဲဖက်ပါမောက္ခ၊ရူပဗေဒ၊တောင်ဂူတက္ကသိုလ်)၊ ဦးဌေးဝင်း (မန်နေဂျာ၊ MPPE၊ မြောင်းမြမြို့)–ဒေါ်မြင့်မြင့်ဦး၊ ဦးဇော်ဝင်း–ဒေါ်ခင်ဝင်းရီ၊ဦးအောင်မြင့်–ဒေါ်သက်သက်ခိုင် (လ/ထ ကထိက၊ သမိုင်း၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဒေါ်သူဇာအေး(Plastic World)၊ ဒေါ်ညိုညိုအေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်အောင်
(N.T College UK 1958)
ညွှန်ကြားရေးမှူး(ငြိမ်း)
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
R/O သင်တန်းကျောင်းအုပ်
အသက်(၈၉)နှစ်

သာစည်မြို့နေ (ဦးဘို–ဒေါ်ကြည်မြ)တို့၏သား၊ အုန်းပင်တန်းလမ်း၊ ပဲခူးမြို့နေ (ဦးဘိုးဝေ–ဒေါ်သက်)တို့၏ သားသမက်၊ အမှတ် ၄၂၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ (ဦးအောင်သန်းမြင့် Ex:R/O)–ဒေါ်ခင်မျိုးမြင့် (MEIC၊ငြိမ်း)၊ဦးရန်နိုင်စိုးအုန်း(E/E Monsoon Shipping Co:)–ဒေါ်ခင်မျိုးတင့် (ဦးစီးအရာရှိ၊ ငြိမ်း)၊ ဦးဝင်းတင်(Ex: R/O) – ဒေါ်ခင်မျိုးကြွယ် (BAC၊ ငြိမ်း)၊ ဒေါက်တာသောင်းထိုက်–ဒေါ်ခင်အေးလွင်(သုတေသနမှူး၊စံသတ်မှတ်ရေးဌာန၊MSTRD)၊ ဦးခင်မောင်မြင့် (A/B M.V Apollonia Star)–ဒေါ်မြတ်ပွင့်ဖြူတို့၏ဖခင်၊ ကိုခိုင်စောလွင်(Z/O Hanseatic)–မစန္ဒာအောင်(သရုပ်ပြ၊ ငြိမ်း၊ YTU)၊ ကိုဝဏ္ဏအောင် (T.S Manager)–မခင်မျိုးမျိုးအုန်း၊ ကိုလှမိုး (Z/O SSC Shipping)၊ ကိုအောင်ဇေယျာစိုး (MON - SOON Shipping)၊ ကိုဝင်းမောင်မောင်စိုး(M.V-Pontos, Greek)၊ကိုထက်အောင်(Electronic Engineer)၊ မခင်စုစုအောင် (ဒုနှစ်၊ စီးပွား/စီမံ)၊ မဇင်သူမြင့်(အထက–၂၊ စမ်းချောင်း)၊ မသီရိထက်ထက်(TTC)တို့၏အဘိုးသည် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်စန်း
M.Sc (Japan)
(ဖြူးမြို့နယ်)
ငါးလုပ်ငန်းဦးစီးဌာန(ငြိမ်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၆၆၊ ၁၆၅လမ်းနေ (ဦးဘဝင်း)–ဒေါ်ကြင်တို့၏သား၊ ပဲခူးမြို့နေ ဦးမြတ်စံ–(ဒေါ်ကျင်ဥ)တို့၏သားသမက်၊ ဒေါ်ရီရီဝင်း(စက်မှု–၁၊ငြိမ်း)၏မောင်၊ ဦးလှဌေး – ဒေါ်မြင့်မြင့်ရည် (MICB)၊ ဦးသန်းထိုက်–ဒေါ်နုနုဝင်း၊ ဦးမျိုးဝင်း–ဒေါ်ဌေးဌေးရီ(မော်ကွန်းထိန်း၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဒေါ်ချိုချိုဝင်း (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်)၊မောင်ကျော်ဇေဝင်းတို့၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ကနောင်လမ်း၊ အမှတ် ၉၆၉ နေ ဒေါ်ပြုံး၏ခင်ပွန်း၊ မအေးဝင့်မောင်(KMD)၊မဇာဝင့်မောင်၊ မဖြူဝင့်မောင်တို့၏ဖခင်သည် ၁၉–၈–၂၀၀၄ရက်တွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(မြောက်ဒဂုံ နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပြည်တော်ပြန်မြတ်စွာဘုရားကြီးနှင့် ဘုန်းတော်ကြီးဦးသီလစေတီဂေါပကအဖွဲ့၏ဩဝါဒါစရိယ
ရွှေကျင်နိကာယ ရတနာ့မဟာနာယက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဆဋ္ဌသံဂီတိဘာဏက
ဆဋ္ဌသံဂီတိကာရက ဂန္ဓာရုံကျောင်းတိုက်၏ပဓာနနာယက
ဆရာတော် ဘဒ္ဒန္တ ကောသလ္လ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ဧရာဝတီတိုင်း၊ ဟသ်ာတခရိုင်၊ ဇလွန်မြို့၊ ဂန္ဓာရုံကျောင်းတိုက်၏ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တကောသလ္လသည် ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၂ ရက် (၁၇–၈–၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၁:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၆ ရက်(၂၁–၈–၂၀၀၄ရက်) စနေနေ့တွင် အဂ္ဂိစျာပန ပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေတပည့်အပေါင်းနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားပါသည်။

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဦးအောင်မြင့်
(အင်ဂျင်နီယာ၊ဆောက်လုပ်ရေး၊ငြိမ်း)
အသက်(၈၄)နှစ်

အမှတ် ၃၁၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်နေ (ဦးခင်–ဒေါ်ရင်နု)တို့၏ သားကြီး၊ ဒေါ်ခင်ခင်မြ (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့် (ဥက္ကဋ္ဌ ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) – ဒေါ်မြင့်မြင့်ဦး၊ ဗိုလ်မှူးဉာဏ်လင်းမြင့် (ဒု–ညွှန်မှူး၊ နတလ)–ဒေါ်အေးအေးဝင်း၊ ဒေါ်နီလာအောင် (ကျောင်းအုပ်ဆရာမကြီး၊ အလက–၄၊ ရန်ကင်း)၊ ဦးထင်လင်း–ဒေါ်စုလင်းအောင် (လဝကမှူး၊ ရုံးချုပ်)၊ ဒေါ်စမ်းဝေအောင် (ကထိက၊ ရက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မရည်မွန်လင်းမြင့်(စီးပွားရေးတက္ကသိုလ်)၊ မဇင်မာမိုးမြင့်(အင်္ဂလိပ်စာ၊ဒဂုံတက္ကသိုလ်)၊ မအိမာမိုးမြင့် (ကွန်ပျူတာတက္ကသိုလ်)၊ မကြည်လဲ့လင်းမြင့် (ကွန်ပျူတာတက္ကသိုလ်)၊ မောင်ပြည့်စုံကျော်(T.T.C ပြည်လမ်း)၊ မခင်ရွှန်းလဲ့လင်း(လ–၄၊ ရန်ကင်း)တို့၏ ဘိုးဘိုးသည် ၂၀–၈–၂၀၀၄ရက် နံနက် ၃:၃၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးချုံ(ခ)ဦးချိုဖွန်လင်
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊နွယ်သာကီလမ်း၊ အမှတ် ၂၁ နေ (ဦးချိုကွန်ဟိန်–ဒေါ်ကင်)တို့၏သား၊ ဦးချိုယုရင်–(ဒေါ်ထွေးလင်)တို့၏ညီ၊ဦးအောင်ချို–ဒေါ်မူမူ (စက္ကူဘူးချုပ်လုပ်ငန်း)၊ မချိုဘိလင်–Eric Loo၊ မရွှေသစ်၊ မခင်ခင်အေး၊ ကိုသန်းဆွေတို့၏ဦးလေး၊ မအေးသက်မွန်၊ မမီမီသက်မွန်၊ မောင်ကျော်သက်မွန်၊ မောင်နိုင်လင်းတို့၏အဘိုးလေးသည် ၁၉–၈–၂၀၀၄ရက် ည ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည်
ရုံးအုပ်(ငြိမ်း)စား/ဖျော်လုပ်ငန်း
အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၅) ရပ်ကွက်၊ ချယ်ရီလမ်း၊ တိုက် ၂၃၃၊ အခန်း ၆ နေ (ဦးကြီးခိုင်–ဒေါ်ခင်သောင်း)တို့၏သမီး၊ (ဦးမောင်မောင်အေး–ဒေါ်ဝင်းကြည်)တို့၏ညီမ၊ ဦးသိန်းတန် (လ/ထညွှန်မှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)၏ဇနီး၊ ကိုသိန်းဇော်ဦး(မြို့တော်စည်ပင်၊ ကော်မတီရုံး)–ဒေါ်တင်တင်လှ (ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)၊ ကိုမင်းဇော်မြင့် (Eastwind Shipping Co., Ltd.)–မယမင်းယု(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ကိုမျိုးသူကျော် (Lizstar Shpping Co., Ltd.)၊ မခိုင်သင်းစုတို့၏မိခင်၊မောင်ကောင်းကောင်း၊ မောင်ဝွတ်ဝွတ်တို့၏အဘွားသည် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၀:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက်(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဓနုဖြူဆရာကြီး ဦးအေးဖေ
(ဓနုဖြူမြို့)
အသက်(၇၉)နှစ်

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်နေ (ဦးဘသိန်း – ဒေါ်သိုက်)တို့၏သား၊ (ဦးလှမောင် – ဒေါ်အေး)တို့၏ သားသမက်၊ (ဦးကျော်သိန်း)–ဒေါ်ခင်မိတို့၏မောင်၊ အမှတ် ၄၀/C၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်စိန်မြင့်၏ခင်ပွန်း၊ ဦးခင်မောင်အေး–ဆရာမဒေါ်ဉမ္မာစိန်၊ ဦးမျိုးသန်း–ဒေါ်စိမ်းစိမ်းထွေး၊ ဦးဗိုလ်လွင်–ဒေါ်သူဇာစိန်၊ ဦးမျိုးဆန်းတို့၏ဖခင်၊ မဆန်းမြင့်မြတ်ဦး၊ မောင်မျိုးထက်ဝင်း၊ မောင်လင်းသန့်မောင်၊ မောင်သစ်လွင်သော်တို့၏အဘိုးသည် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁ နာရီတွင် တရုတ်ကျောင်းလမ်းနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးတင်လှ(ခ)ဦးဖိုးနီ
(ဖျာပုံတင်လှ)
(ပန့်နော်ဖယ်ဆိုင်၊ဘုရင့်နောင်ဈေးကြီး)
အသက်(၅၈)နှစ်

(ဦးအေးမောင်–ဒေါ်ထွေးစိန်)၏ သား၊ ဦးဘရွှေ–(ဒေါ်ထွေးစိန်)တို့၏ သားသမက်၊ ဒေါ်စန်းစန်းရီ၏ခင်ပွန်း၊ မရီရီချို၊ ကိုကိုနိုင်–မမိုးသူဇာ၊ ကိုသိန်းဦး–မခင်ခင်ချို၊ ကိုငယ်–မဉမ္မာ၊ မောင်ချောခန့်၊ မချောစုလှိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (အမှတ် ၁၉၀/ခ၊ ၆ လမ်း၊ မြို့သစ်၊ အင်းစိန်မြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးအောင်သန်းဝင်း(ခ) ဦးအောင်ဝင်း
အထက(၁)မရမ်းကုန်း ကျောင်းသားဟောင်း
တပ်မတော်မိုးရေကာဖျင်စက်ရုံ(ငြိမ်း)
အသက်(၅၀)

ရန်ကုန်မြို့၊ သမိုင်း၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်းနေ (ဦးသိန်းဝင်း–ဒေါ်သောင်းစိန်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၃၈၊ သီရိမြိုင် ၈ လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးပါ)–ဒေါ်အေးခင်တို့၏သားသမက်၊ ဒေါ်အမာတင်၏တူ၊ ဒေါ်နွယ်နီလွင်၏ခင်ပွန်း၊ ဦးမြတ်ထွန်း(စိန်နဂါးကြွေမြေသမ)–ဒေါ်သိန်းသိန်း၊ ဦး ကျော်လွင်–ဒေါ်ခင်ညို၊(ဦးတင်စိုး)–ဒေါ်ကြည်ကြည်သန်း၊ ဦးတင်ညွှန့်–ဒေါ်လှဝင်းတို့၏ညီ/မောင်၊ ဦးဌေးအောင်–ဒေါ်လှမြင့်၊ ဦးသက်ဆွေ–ဒေါ်ခင်လှဝေ၊ ဦးအောင်သိန်း–ဒေါ်သန်းရှင်၊ ဦးသက်အောင်–ဒေါ်ခင်ဝင်း၊ ဦးကောဇ္ဇာည၊ မနိုင်နိုင်လွင်တို့၏အစ်ကို၊ တူ တူမ ၂၄ ယောက်တို့၏ဦးလေးသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၀၄ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၂၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ) ရေကူးကန်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ် လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်အားပေး

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များ၊ တပ်/စခန်း/ရေယာဉ်များမှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲကိုကျင်းပရာ အသင်းလိုက် ပထမ တံခွန်စိုက်ဒိုင်းဆုကို ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းက လည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုကို ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းမှ အောင်မျိုးဟိန်းကလည်းကောင်း ရရှိသွားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စားရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က ပေးအပ်ချီးမြှင့်ပြီး ကျန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေး ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး မောင်ဦးလွင်က အသင်းလိုက် ပထမတံခွန်စိုက် ဒိုင်းဆုရရှိသော ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

“ဘယ်လိုပဲဖြစ်ဖြစ် လူဖြူမဟုတ်တဲ့ လူမျိုးစုတွေ၊ နိုင်ငံငယ်တွေဟာ သတိရှိဖို့ကောင်းတဲ့အချိန်ပဲ။ သတိရှိဖို့ဆိုတာ လူဖြူတွေအဖို့ ရမ်းကားတယ် ဆိုတာက အဆန်းမဟုတ်ဘူး၊ အဲဒါအပြင် လူဖြူရဲ့ တခြားလက်နက်တစ်ခုက ငါးကြင်းဆီနဲ့ငါးကြင်းကြော်ခိုင်းတတ်တဲ့ပညာပဲ။ ဓနအင်အားကောင်းတော့ ဖြားယောင်းရတာလွယ်တယ်။ နိုင်ငံငယ်တွေကို ဓနအင်အားသုံး ဖြားယောင်းမယ်။ နိုင်ငံငယ်ကလူတွေကို သူတို့အမြင် စိမ့်ဝင်ပျံ့နှံ့အောင် ပျားရည်နဲ့ ဝမ်းချပေးမယ်။”

အောင်မိုးစံ၏ “**အစွန်းရောက်အမေရိကန်နိုင်ငံခြားရေးဝါဒရဲ့ ဆိုးကျိုးများ**” ဆောင်းပါး (စာ-၃)

“ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ထူထောင် ဖွင့်လှစ်နိုင်သည်နှင့်အမျှ ကျေးလက်ပြည်သူများ စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေးအသိပညာများ တိုးတက်လာ၍ လူနေမှုဘဝအဆင့်အတန်းများ မြင့်မားလာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ပိုမိုဖြစ်ထွန်းအောင်မြင်လာတော့မှာဖြစ်သည်။”

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ “**ကျေးလက်စာကြည့်တိုက်များ ထူထောင်ဖို့ ပူးပေါင်းပါဝင်ကူညီစို့**” ဆောင်းပါး(စာ-၁၀)

ခေါင်းတိုက် လေ့ကျင့်

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်း အမျိုးသမီးအသင်း ခေါင်းတိုက် လေ့ကျင့်နေစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝေဟိုင်းမြို့တွင်ကျင်းပမည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲမည့် ပဏာမလက်ရွေးစင်အမျိုးသမီးအသင်းအား နည်းပြနှင့်အတူတွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မိုင် ၅၄ သိန်း ကျော်မှ တွေ့ရသော စနေဂြိုဟ်

နာဆာအဖွဲ့က လွှတ်တင်ထားခဲ့သော ကက်ဆီနီ အာကာသယာဉ်သည် စနေဂြိုဟ်နှင့် မိုင်ပေါင်း ၅၄၄၂၆၀၉ မိုင်အကွာအဝေးမှနေ၍ စနေဂြိုဟ်၏ ပုံရိပ်ကို ဩဂုတ် ၁၅ရက်တွင် ရိုက်ယူပြီးနောက် ကမ္ဘာမြေပြင်သို့ ဩဂုတ် ၁၆ရက်က ပြန်လည်ပေးပို့ခဲ့သည်။ **(အပေါ်ပုံ)**

(ဓာတ်ပုံ–အင်တာနက်)

နေရောင်ခြည်စွမ်းအင်သုံး တိုယိုတာ-အောကား

ဂျပန်နိုင်ငံရှိ ဆူဇူကာ ကားမောင်းပြိုင်ကွင်း၌ အင်ဂျင်ကလပ်စ် ကားမောင်းပြိုင်ပွဲတွင် တိုယိုတာ အဆင့်မြင့်ကျောင်းမှတီထွင်ပြုလုပ်သော နေရောင်ခြည် စွမ်းအင်သုံး တိုယိုတာ–အေ အမျိုးအစား ကားတစ်စီး ယှဉ်ပြိုင်မောင်းနှင်နေစဉ်။ **(အောက်ပုံ)**

ယင်းနေရောင်ခြည်စွမ်းအင်သုံး ကားမောင်းပြိုင်ပွဲ၌ ကား ၄၃ စီး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)



အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲမြန်မာပါဝင်ဆင်နွှဲမည် နိုင်ငံတကာပြိုင်ပွဲများနှင့်ပြည်တွင်းပြိုင်ပွဲများအတွက်လေ့ကျင့်ပြင်ဆင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်သစ်သည် ပိုက်ကျော်ခြင်းအားကစားနည်းကို ပညာပေးသရုပ်ပြပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် အတွေ့အကြုံများရရှိပြီး ပြည်သူများ စိတ်ဝင်စားလာသည့် အားကစားနည်းတစ်မျိုးဖြစ်အောင် စည်းရုံးဆောင်ရွက်လျက်ရှိသည်။

လူထုအားကစားနည်းဖြစ်ရေး

ထိုသို့ပိုက်ကျော်ခြင်းအားကစားနည်းကို ပြည်သူကြားစိမ့်ဝင်ပျံ့နှံ့လာခြင်းဖြင့် လူထုအားကစားနည်းအဖြစ်ရောက်ရှိလာစေရန်ရည်ရွယ်ပြီး ပြုစုပျိုးထောင်ပေးလျက်ရှိပေသည်။

ပိုက်ကျော်ခြင်းခတ်ကစားခြင်းသည် စပေးခတ်ရာတွင် တိကျမှုရှိရန်၊ ရိုက်ခုတ်မှုအားကောင်းရန်၊ ပင့်ထောင်မှု၊ ခေါင်းတိုက်မှုမှန်ကန်ရန်နှင့် အခုန်အားကောင်းရန် လိုအပ်ပေသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻